Funded by: UKaid

Towards Results in Education & English

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းသားစာအုပ်



Source: TREE Image library

# သင်ရိုးပိုင်း ၈

## အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူခြင်း

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

# သင်ရိုးပိုင်း ၈။ အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူခြင်း

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ ဖန်တီးနိုင်ကြောင်း ကြည့်ရှုလေ့လာသည့် **သင်ရိုးပိုင်း ၁၅ ခုမှ အငှမ**ပိုင်းဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်များသည် ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများနှင့် ပညာရေးကိုလေ့လာသင်ယူနေသူများအတွက် ဖြစ်ပါသည်။ ကျောင်းသူ/သားနှင့် သင်ယူသူဟူသော ဝေါဟာရများကို သင်ရိုးပိုင်းတစ်လျှောက် လဲလှယ်သုံးစွဲသွားပါမည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| **၈** | **အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်း သင်ယူခြင်း** |
| ၉ | ကျောင်းသူ/သားတို့၏ စိတ်ခံစားချက်နှင့် လူမှုကိစ္စတွင် သာစေမာစေရေး ပံ့ပိုးပေးခြင်း |
| ၁၀ | မြန်မာနိုင်ငံ အားလုံးအကျုံးဝင်မှုဆိုင်ရာ ဥပဒေမူဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | တစ်ဦးချင်းစီ၏လိုအပ်ချက်များကို ဖြည့်ဆီးခြင်းဖြင့် ကျောင်းသူ/သားအားလုံးကို ပံ့ပိုးခြင်း |
| ၁၂ | ကျောင်းသူ/သားတို့ တွေ့ကြုံရသည့်အခက်အခဲများကို တိတိကျကျဖော်ထုတ်ခြင်း |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မသန်စွမ်းသော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အမူအကျင့်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူ/သားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |


ဤသင်ရိုးပိုင်းသည် ကျောင်းသူ/သားအချင်းချင်း မည်ကဲ့သို့ ပံ့ပိုးပေးနိုင်ကြောင်း တွေးတောရန်နှင့် ကျောင်းသူ/သားအချင်းချင်း ပူးတွဲပါဝင်ကူညီ၍ လည်းကောင်း၊ ပူးပေါင်း၍လည်းကောင်းသင်ယူခြင်း၏ အကျိုးကျေးဇူးများကိုစူးစမ်းရန် အထောက်အကူပြုပါမည်။ ယခင်သင်ရိုးပိုင်းများကဲ့သို့ပင် သင်၏နားလည်မှုနှင့်အလေ့အကျင့်ကို ကိုယ်တိုင်စစ်ဆေးအကဲဖြတ်ပြီး သင်ရိုးပိုင်းအဆုံးတွင် ပြန်လည်သုံးသပ်ရပါမည်။ သင့်စဉ်းစားဆင်ခြင်သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်တွင် မှတ်တမ်းတင်စေမည်ဖြစ်သောကြောင့် မှတ်စုကောင်းကောင်းရေးပြီး မိမိ၏ လက်ရှိနှင့်အနာဂတ်အလေ့အကျင့်အကြောင်း စေ့စေ့စပ်စပ်၊ နက်နက်နဲနဲ တွေးတောရန် အရေးကြီးပါသည်။

ဤCPDသင်ရိုးပိုင်းသည် သင်နှင့်သင့်လုပ်ဖော်ကိုင်ဖက်တို့အကြား လုပ်ငန်းတူအဖွဲ့များ ဖော်ဆောင်ရန်လည်း အားပေးပါသည်။ ဤနည်းအားဖြင့် သင်ကြားရေးတွင် အားလုံးအကျုံးဝင် အလေ့အကျင့်များ ပံ့ပိုးချဲ့ထွင် အသုံးပြုနိုင်ပြီး ဆရာအတတ်သင် သင်တန်းသူ/သားများမှလည်း အားလုံးအကျုံးဝင်မှုကို သင်ကြားရေးနှင့် အနာဂတ်လုပ်ငန်းခွင်အတွက် ဆင့်ပိုးတည်ဆောက်နိုင်ပါမည်။

## သင်ယူမှုဂျာနယ်

သင်ရိုးပိုင်းတစ်လျှောက် မိမိ၏ ပြန်လည်သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်အတွင်း ရေးမှတ်ထားလျှင် အသုံးဝင်နိုင်ပါသည်။

သင်ယူမှုဂျာနယ်သည် ဒစ်ဂျစ်တယ် (ဥပမာ Word သို့ Google Docs)သော်လည်းကောင်း၊ စာရွက်အပေါ်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ မိမိအတွေးများကိုသူတစ်ပါးနှင့်ဝေမျှလိုလျှင် ဂျာနယ်စာမျက်နှာများကိုဓာတ်ပုံရိုက်နိုင်ပါသေးသည်။ စိတ်ကူးများ၊ အတွေးအမြင်များကို နောင်လုပ်ဆောင်ချက်များနှင့် မိမိ၏သင်ကြားရေးတွင် သုံးနိုင်သောကြောင့် မှတ်တမ်းတင်ထားရန် အရေးကြီးပါသည်။



အောက်ပါတို့သည် သင်ယူမှုဂျာနယ်ကောင်းတစ်ခုအတွက်အသုံးဝင်မည့် အကြံပြုချက်အချို့ဖြစ်ပါသည်။

- ဂျာနယ်တွင်းရေးသွင်းသမျှ ခေါင်းစဉ်နှင့် ရက်စွဲထည့်ပါ။
- လုပ်ဆောင်ချက်နှင့် ဆက်စပ်သည့် ဆင်ခြင်သုံးသပ်မှုများအတွက် သက်ဆိုင်ရာလုပ်ဆောင်ချက်နံပါတ်ကို သုံးပါ။ ဥပမာ လုပ်ဆောင်ချက် ၁.၁။
- အထောက်အကူဖြစ်သည့် အခြားမည်သည့် အရင်းအမြစ်ကိုမဆို ရည်ညွှန်းပါ။
- လုပ်ဆောင်ချက်အဖြေကို မှတ်သားပါ။
- မိမိ၏သင်ယူမှုအကြောင်း သုံးသပ်ချက်ရေးပါ။
- ဝေါဟာရအသစ်များကို ရေးမှတ်ပါ။
- ဆက်လက်လေ့လာလိုသော အကြောင်းအရာများကို ဖော်ထုတ်ပါ။

Source: Rose, N. (2018) Personal Learning Journals

မိမိအသုံးပြုရလွယ်ကူရန် အရေးကြီးပါသည်။ အောက်ပါ လွယ်လွယ်ရှင်းရှင်းမေးခွန်းများကို ဖြေကြားသည့် မှတ်စုများ ရေးနိုင်သည်။

ဒီနေ့ဘာလေ့လာခဲ့သလဲ။

မိမိအလုပ်မှာ ဘယ်လိုသုံးနိုင်မလဲ။

လွယ်ကူသလား။ ခက်ခဲသလား။ ဘာကြောင့်လဲ။

မိမိ/မိမိကျောင်းသူ/သားများကို ဘယ်လိုကူညီနိုင်မလဲ။

ဒီခေါင်းစဉ်အကြောင်း ဘာလေ့လာဖို့ လိုသေးသလဲ။

ဤမေးခွန်းများသည် တစ်ကမ္ဘာလုံးတွင် အသုံးပြုသည့် သင်ယူ/အသုံးချ/သုံးသပ် (learn, apply, reflect) စံပြုပုံစံကို ကျင့်သုံးကြောင်း တွေ့နိုင်ပါသည်။ CPD ခရီးနှင်ရင်း ဂျာနယ်ကိုပြန်ကြည့်ပြီး တိုးတက်မှုကို ပြန်လည်သုံးသပ်နိုင်ပါသည်။


## လေ့လာနည်းအကြံပြုချက်

ယူနစ်တစ်ခုလုံး တစ်ကြိမ်တည်းအကုန်ပြီးအောင် လုပ်မည့်အစား လုပ်ဆောင်ချက်များကို အချိန်ယူလုပ်ပါ။ အချိန်ဇယား တစ်ခုဆွဲပြီး အချိန်တစ်ခုရွေးချယ်ကာ လုပ်ဆောင်ဖွယ်များလုပ်ပါ။ ထို့နောက် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ပြီး စစ်ဆေးပါ။ နောက်ဆုံး လုပ်ရင်းကိုင်ရင်း သင်ယူမှုဂျာနယ်တွင် မှတ်စုကို မှတ်မှတ်ရရရေးပါ။ ယူနစ်များပြီးအောင်လုပ်ရင်း မိမိတွင် ဖွံ့ဖြိုးလာသည့် ကျွမ်းကျင်မှုနှင့်အသိပညာများကို ပိုမိုမှတ်မိရန် အထောက်အကူပြုပါလိမ့်မည်။

## တစ်ဦးချင်း (သို့) လုပ်ငန်းဖော်များနှင့်လုပ်ကိုင်ခြင်း

ဤယူနစ်ကို ကိုယ်တိုင်လေ့လာနိုင်ရန် (သို့) ဆရာမှဦးဆောင်ရန် ပုံစံချမှတ်ထားပါသည်။ အဖြေကို လုပ်ဆောင်ချက် အဆုံးတွင် တွေ့နိုင်ပါသည်။ သို့ရာတွင် အတွေးအမြင်နှီးနှောရန်၊ မေးခွန်းမေးရန်၊ မိမိလုပ်ထားသည်ကိုစစ်ဆေးရန်နှင့် သုံးသပ်ချက်ပေးရန် ဖြစ်နိုင်လျှင် **နှစ်ယောက်တွဲ သို့မဟုတ် အုပ်စုဖွဲ့**လုပ်ဆောင်ရန် အကြံပြုအပ်ပါသည်။

အုပ်စုဖွဲ့လုပ်ဆောင်လျှင် ‘Think, pair, share’နည်းကို သုံးရန်အကြံပြုအပ်ပါသည်။




တစ်ဦးချင်း မိမိအတွေးအမြင်များကို မှတ်စုတိုရေးပါ။

အတန်းဖော်တစ်ဦးနှင့် အဖြေတိုက်ပါ။

မိမိအတွေးအမြင်များကို အုပ်စုဖွဲ့ ဆွေးနွေးကာ နောက်စာမျက်နှာတွင် အဖြေအတူတူတိုက်ကြရန်။

## သင်ရိုးပိုင်း ၈ သင်ယူမှုရလဒ်များ

**ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။**

**၁. အချင်းချင်း၊ ပူးတွဲနှင့် ပူးပေါင်းသင်ယူခြင်း အသိသညာနှင့် အားသာချက်များကိုဆွေးနွေးခြင်း**

**၂. အတန်းတွင်း၌ ဤသင်ယူမှုအမျိုးအစားများ၏သာဓကများကို သိရှိခြင်း**

**၃. မိမိစာသင်ခန်းတွင်း ပူးတွဲနှင့်ပူးပေါင်းသင်ယူမှုကို မြှင့်တင်ပေးမည့် ဗျူဟာများကို သရုပ်ပြခြင်း**

**၄. မိမိ၏ သင်ကြားရေးအလေ့အကျင့်ကိုပြန်လည်သုံးသပ်ပြီး အချင်းချင်း၊ ပူးတွဲနှင့် ပူးပေါင်းသင်ယူမှုကို အခွင့်အလမ်းများပေးနိုင်စေရန် သင်ခန်းစာအစီအစဉ်များကို သင့်တော်အောင် ပြုပြင်ပြောင်းလဲခြင်း**

## ၁. နိဒါန်း

ပြီးခဲ့သည့်သင်ရိုးပိုင်းတွင် အတန်းပြောင်းပြန်သင်ယူမှုအသိသညာကို မိတ်ဆက်ပေးခဲ့ပြီး စူးစမ်းမှုနှင့်ပြဿနာအခြေပြု သင်ယူနည်းများကိုလည်း လေ့လာခဲ့ပြီ။ အစဉ်အလာ ဆရာဗဟိုပြုချဉ်းကပ်မှုများနှင့် အလွန်ကွာခြားသော ကျောင်းသူ/သားများ ကိုယ်တိုင် တာဝန်ယူသင်ယူသည့် သင်ရိုးပိုင်း ၄ သင်ယူသူဗဟိုပြုချဉ်းကပ်မှုများအပေါ် ဆင့်ပိုးကာ လေ့လာထားပါသည်။

ဤသင်ရိုးပိုင်းသည် သင်ရိုးပိုင်း ၄ ရှိ အုပ်စုဖွဲ့ပုံနှင့် ကြည့်ခဲ့သည့်ပူးတွဲသင်ယူရေးဗီဒီယိုအပေါ် အခြေပြုလျက် ကျောင်းသူ/သား အချင်းချင်း သင်ယူမှု၏ သက်ရောက်ပုံကိုလည်း ဆက်လက်စူးစမ်းပါမည်။

အောက်ပါတို့ကို သင် လုပ်ဆောင်ရပါမည်။

- ✓ "အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူမှု"အကြောင်း ဖတ်ကြားခြင်း
- ✓ ဗီဒီယိုကြည့်ရှုပြီးခဲ့ခြမ်းစိတ်ဖြာသုံးသပ်ခြင်း
- ✓ လုပ်ဆောင်ချက်များကို တစ်ဦးချင်း၊ နှစ်ယောက်တွဲနှင့် အုပ်စုငယ်ဖွဲ့ လုပ်ဆောင်ခြင်း
- ✓ သင်ရိုးပိုင်းအဆုံးသတ်ပဟေဠိဖြေဆိုခြင်း
- ✓ မိမိအတွေ့အကြုံနှင့်အသိပညာကိုပြန်လည်သုံးသပ်ခြင်း
- ✓ ကျောင်းသူ/သားများအား ကတိပေးခြင်း

ဤသင်ရိုးပိုင်း**ပြီးအောင်လုပ်ရန် ၆ နာရီခန့်** ကြာမြင့်ပါမည်။ ပျော်ရွှင်ဖွယ်သင်ယူရေး အတွေ့အကြုံရမည်ဟု မျှော်လင့် ပါသည်။

## သင်္ကေတအညွှန်း

| | |
|---|---|
| A | **လုပ်ဆောင်ချက် (Activity) – ပြီးအောင်လုပ်ရမည့်အလုပ်ဖြစ်သည်** |
| Q | **မေးခွန်း (Question/s)** – မေးခွန်းများဖြေဆိုပါ |
| R | **ပြန်လည်သုံးသပ်ချက် (Reflection)** – မိမိ မည်သို့ခံစားရကြောင်း စေ့စေ့စပ်စပ်တွေးပါ |
| LJ | **သင်ယူမှုဂျာနယ် (Learning Journal) –** သင့်အဖြေကို သင်ယူမှုဂျာနယ်တွင်ရေးပါ |
| | **ဖတ်ပါ (Read) –** ပေးထားသည့်စာကိုဖတ်ပါ။ မှတ်စုရေးလိုကရေးပါ။ |

### ၁.၁ မိမိကိုယ်မိမိစစ်ဆေးခြင်း

ပြန်လည်သုံးသပ်ချက် - **အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းလုပ်ဆောင်စေခြင်းဖြင့် ကျောင်းသူ/သားများကိုယ်တိုင် သင်ယူနိုင်ရန် အခွင့်အလမ်း** သင် မည်မျှပေးခဲ့ပါသနည်း။ အောက်ပါစကေးမှ မိမိကို အကောင်းဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။




သင်ရိုးပိုင်းအဆုံးတွင် ထပ်မံလုပ်ဆောင်ရပါမည်။

### ၁.၁.၁. ယခင်သင်ယူမှုနှင့်ချိတ်ဆက်ခြင်း - သင်ရိုးပိုင်း ၇ (တက်တက်ကြွကြွပါဝင်မှု)

သင်ရိုးပိုင်း ၇ ကိုပြန်တွေးပါ။ အောက်ပါ စာသင်ခန်းပြောင်းပြန်သင်ယူမှု ချဉ်းကပ်ပုံအကြောင်းအဆိုများရှိ ကွက်လပ်များကို ဖြည့်ပါ။ ဥပမာတစ်ခုပေးထားပါသည်။

ဖြည့်ရန်စကားလုံးများ

| | | | | |
|---|---|---|---|---|
| ပြီးနောက် | အတောအတွင်း | မတိုင်မီprior | ~~ပေါင်းစည်းသင်ယူရေး~~ | ဆွေးနွေးသည် |
| ပြင်ပ | အားလုံး | အတွင်း | | ပို့ချမှုပုံစံ |

၁. ပြောင်းပြန်သင်ယူရေးစာသင်ခန်းဟူသည်မှာ ၁) ပေါင်းစည်းသင်ယူရေး တစ်မျိုးဖြစ်ပြီး အတန်းချိန်အတွင်း ကျောင်းသူ/သားများ ပိုမိုပါဝင်ပြီးတတ်မြောက်သွားစေရန် ရည်သန်ပါသည်။

၂. ကျောင်းသူ/သားများသည် စာသင်ချိန် ၂)________________ လုပ်ဆောင်ချက်တစ်ခုလုပ်စေပါသည်။ စာဖတ်ခြင်း၊ ဗီဒီယိုကားတိုကြည့်ခြင်း၊ အကြောင်းအရာလေ့လာခြင်းတို့ဖြစ်နိုင်ပါသည်။

၃. သင်ခန်းစာအချိန် ၃)________________ လက်တွေ့ပြဿနာဖြေရှင်းရန်နှင့် စုံစမ်းရန်အခွင့်အရေးများပေးပါသည်။

၄. အတန်းချိန်အတွင်း အကြောင်းအရာကို အချင်းချင်း၊ ဆရာ/မများနှင့် ကျောင်းသူ/သားများအတူတူ ၄)________________ ကြပါသည်။

၅. အတန်း ၅)________________ ၎င်းတို့နားလည်မှုကို စစ်ဆေးအတည်ပြုရန် ကျောင်းသူ/သားများအား နောက်ထပ်သင်ယူရေး လုပ်ဆောင်ချက်များ လုပ်စေပါသည်။

၆. ပြောင်းပြန်သင်ယူရေးစာသင်ခန်းသည် ဆရာ/မက ၆)________________ သင်ခန်းစာသင်ကြားပြီး အိမ်စာပေးသည့် အစဉ်အလာသင်ကြားရေးပုံစံနှင့် ကွာခြားပါသည်။

၇. သင်ကြားသည့်အကြောင်းအရာများကို အတန်း ၇)________________တွင် မကြာခဏပို့ချလေ့ရှိခြင်းကြောင့် အတန်း ၈)________________ အချိန်တွင် ပူးပေါင်းသင်ယူမှုနှင့် အသိပညာများကိုလေ့လာခြင်းတို့ကို ဦးတည်စူးစိုက်ပါသည်။

၈. ပြောင်းပြန်သင်ယူရေးသည် ကျောင်းသူ/သား ၉)________________အား သင်ခန်းစာမတိုင်မီ အချက်အလက်များကို သိရှိနားလည်စေနိုင်သောကြောင့် အကျိုးဖြစ်ထွန်းစေနိုင်ပါသည်။

### ၁.၁.၁. အဖြေ

| | | | | |
|---|---|---|---|---|
| ၁. ပေါင်းစည်းသင်ကြားရေး learning | ၂. မတိုင်မီprior | ၃. အတောအတွင်း | ၄. ဆွေးနွေးသည် | ၅. ပြီးနောက် |
| ၆. ပို့ချမှုပုံစံ | ၇. ပြင်ပ | ၈. အတွင်း | ၉. အားလုံး | |

## ၂. အခြားသူများနှင့်သင်ယူခြင်း

စဉ်းစားပါ - ကျောင်းသူ/သားများအချင်းချင်း အတူတူလုပ်ဆောင်ခွင့်ပေးရန် အဘယ်ကြောင့်အရေးကြီးပါသနည်း။ ဆရာ/မနှင့် တပည့်များအတွက် ဖြစ်ထွန်းနိုင်မည့် အကျိုးကျေးဇူးများကို ဤသင်ရိုးပိုင်းတွင် စူးစမ်းပါမည်။ လုပ်ဆောင်ချက်တစ်ခု လုပ်ပုံကို ကျောင်းသူ/သား ၂ ဦးနှင့်အထက် အချင်းချင်း စောင့်ကြည့်ခြင်းဖြစ်ပါသည်။

အခြားကျောင်းသူ/သားများနှင့် အဓိပ္ပါယ်ရှိရှိ သင်ယူရာတွင် ဆွေးနွေးမှုအမျိုးမျိုးတွင်ပါဝင်ရန်၊ ရှုထောင့်အမျိုးမျိုးမှ နားလည်ရန် လိုပါသည်။ ကျောင်းသူ/သားများသည် တုံ့ပြန်ဖြေကြားမှု ရရှိခြင်းနှင့်ပေးအပ်ခြင်း အတွေ့အကြုံကို သိမြင်ကြပါမည်။ ယခုဆက်လက် မဆွေးနွေးမီ နောက်လုပ်ဆောင်ချက်က ပြန်လည်သုံးသပ်စေပါမည်။

### လုပ်ဆောင်ချက် ၈.၁ - အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူမှုကို သင်မည်သို့ နားလည်သနည်း

ဆရာ/မတစ်ဦးအနေနှင့် သင်၏လုပ်ငန်းခွင်နှင့် သင်ကြားရေးပြင်ပလူမှုဘဝကို တွေးတောပါ။ အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူမှုအကြောင်းသုံးသပ်ရန် အောက်ပါမေးခွန်းများကို ဖြေဆိုပါ။ သင်ယူမှုဂျာနယ်တွင်မှတ်စုရေးပါ။



Image Source: https://www.freepik.com (free)

၁. အောက်ပါတို့သည် မည်သို့အဓိပ္ပါယ်ဆောင်ပါသနည်း။

- က) **အချင်းချင်း** လုပ်ဆောင်မှု
- ခ) **ပူးတွဲ**လုပ်ဆောင်မှု
- ဂ) **ပူးပေါင်း**လုပ်ဆောင်မှု

၂. မည်သည့်ခြားနားချက်များရှိပါသနည်း။

၃. **အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူမှု**သည် ပညာရေးအခင်းအကျင်းတွင်သာ ရှိပါသလား။ အခြားလုပ်ငန်းခွင်၊ လူမှုအနေအထားနှင့်လည်း သက်ဆိုင်ပြီး အရေးပါပါသလား။

၄. ပိုမိုကျယ်ပြန့်သည့် အနေအထားတစ်ရပ်အတွက် **အချင်းချင်း၊ ပူးတွဲဆောင်ရွက်မှု၊ ပူးပေါင်းလုပ်ဆောင်မှု** သာဓကများ ဆောင်နိုင်ပါသလား။

## ဖတ်ရန်

အောက်ပါကောက်နုတ်ချက်ကို**ဖတ်ရှုပါ**။ စိတ်ဝင်စားဖွယ်စကားလုံးအသစ်များကို သင်ယူမှုဂျာနယ်တွင် မှတ်သားပါ။ ထိုသင်ယူမှုအနေအထားတွင် ကျောင်းသူ/သားနှင့်ဆရာ/မများ၏ အခန်းကဏ္ဍအသီးသီးကို စဉ်းစားပါ။ အခန်းကဏ္ဍများနှင့်စပ်လျဉ်း၍ မည်သည်ကို သတိထားမိပါသနည်း။

**အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူမှု**

**အချင်းချင်းသင်ယူမှု** ဟူသည်မှာ လုပ်ဆောင်ချက်တစ်ခု၊ အသိသညာတစ်ရပ် လေ့လာရာတွင် ကျောင်းသူ/သားတစ်ယောက်မှ အခြားတစ်ယောက်အား ဦးဆောင်ခြင်းကို ဆိုလိုသည်။ ဆရာ/မ၏လမ်းညွှန်မှုဖြင့် အသိသညာသစ်၊ အကြောင်းအရာသစ်များကို ကျောင်းသူ/သားများ လေ့လာရာတွင် သုံးပါသည်။ အချင်းအချင်း အပြန်အလှန်သင်ကြားစေနိုင်ပါသည်။ ဆရာ/မက ကြီးကြပ်ပြီး လိုအပ်လျှင် တစ်ဦးချင်းကို ပိုမိုအာရုံစိုက်နိုင်ပါသည်။

**ပူးတွဲသင်ယူမှု** - ကျောင်းသူ/သားတစ်ဦးချင်းသည် မိမိနှင့် တစ်အုပ်စုလုံး၏သင်ယူမှုနှင့်အောင်မြင်မှုအတွက် ကိုယ်တိုင်ကိုယ်ကျ တာဝန်ယူခြင်း ဖြစ်ပါသည်။ အုပ်စုဝင်အားလုံး မိမိတို့လုပ်ဆောင်နေသည်များကို နားလည်စေရန် မိမိတို့၏ အသိပညာနှင့် အရင်းအမြစ်များကို သုံးရန်လိုအပ်ပါသည်။ အရင်းအမြစ်အချို့တိတိကျကျသုံးရန် ဆရာ/မက ညွှန်ကြား၊ ပံ့ပိုး၊ လမ်းညွှန်ပေးပါသည်။

**ပူးပေါင်းသင်ယူမှု** - အတွေးအမြင်များကိုစူးစမ်းရန်၊ ပြဿနာဖြေရှင်းရန်၊ အလုပ်တစ်ခုကိုလုပ်ဆောင်ရန်၊ လုပ်ငန်းတစ်ခုကို ဖန်တီးရန်အတွက် ကျောင်းသူ/သားများမှ အုပ်စုဖွဲ့လုပ်ဆောင်ခြင်း ဖြစ်ပါသည်။ ကျောင်းသူ/သားတစ်ဦးချင်းသည် သီးသန့် အခန်းကဏ္ဍတစ်ခုစီရှိကြပြီး တစ်အုပ်စုလုံး သင်ယူရေးနှင့်အောင်မြင်ရေးအတွက် တာဝန်ကိုယ်စီရှိကြပါသည်။ ဥပမာ ခိုင်းစေလိုက်သည့် အလုပ်တစ်ပိုင်းစီအတွက် ကျောင်းသူ/သားတစ်ဦး ချင်းလုပ်ဆောင်ပြီး အသင်းအနေဖြင့် နောက်ဆုံးအပိုင်းကို အတူတကွပူးပေါင်းကြပါသည်။ ဆရာ/မမှာ အကြံပေးသူမျှသာ ဖြစ်ပါသည်။

Implemented by: BRITISH COUNCIL The Open University VSO montrose

## လုပ်ဆောင်ချက် ၈.၁ နမူနာအဖြေများ

**အချင်းချင်းအတူလုပ်ဆောင်ခြင်း**ဟူသည်အဘယ်နည်း။
တစ်ဦးမှ တစ်ဦး သို့မဟုတ် အခြားသူများကို လမ်းညွှန်ပေးခြင်း၊ သင်ကြားခြင်းသည် အချင်းချင်းအတူလုပ်ဆောင်ခြင်း ဖြစ်ပါသည်။

ပူးတွဲလုပ်ဆောင်ခြင်းဟူသည်အဘယ်နည်း။
ဆရာ/မ၏ ဦးဆောင်မှုဖြင့် ကျောင်းသူ/သားများ အတူတူဆောင်ရွက်ခြင်းကိုဆိုလိုသည်။ လူတိုင်းနားလည်အောင် အသင်းက တာဝန်ယူရသည်။

ပူးပေါင်းလုပ်ဆောင်ခြင်းဟူသည်အဘယ်နည်း။
ကျောင်းသူ/သားများသည် အသင်းအတွင်း အခန်းကဏ္ဍအသီးသီးသတ်မှတ်ပြီး ပန်းတိုင်ကို လှမ်းကိုင်နိုင်ရန် မည်သို့အတူတူ လုပ်ဆောင်မည်ကို ဆုံးဖြတ်ခြင်းဖြစ်ပါ သည်။ ဆရာ/မ၏ အခန်းကဏ္ဍမှာ အလွန်နည်းသည်။

အထက်ပါ အသုံးအနှုန်းတို့အကြား မည်သည့်ခြားနားချက်များရှိပါသနည်း။
ပူးပေါင်းဆောင်ရွက်မှုက အချင်းချင်းနှင့်ပူးတွဲလုပ်ဆောင်မှုထက် ကျောင်းသူ/သားဗဟိုပိုမိုပြုပြီး ပိုမိုလွတ်လပ်ပါသည်။

**အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်း**မှုသည် စာသင်ကျောင်းများ၊ ကောလိပ်များတွင်သာရှိပါသလား။ အခြားလုပ်ငန်းခွင်များ၊ လူမှုနယ်ပယ်များနှင့် သက်ဆိုင်/အရေးပါပါသလား။
လုပ်ငန်းခွင်၊ လူမှုနယ်ပယ်အတွင်းရှိ ပုံမှန်အပြန်အလှန်ဆက်ဆံမှုအားလုံးတွင်ရှိနိုင်ပါသည်။

## လုပ်ဆောင်ချက် ၈.၂ သင်ယူပုံနှင့်အဆိုများကို တွဲပေးပါ။ (၁၅ မိနစ်)

အောက်ပါစရိုက်လက္ခဏာများသည် မည်သည့်သင်ယူပုံကို ဖော်ပြပါသနည်း။

| | |
|---|---|
| **အချင်းချင်းသင်ယူမှု** | ကျောင်းသားများ၏ ပညာရေးပေါက်မြောက်အောင်မြင်မှု - အထူးသဖြင့် ဆင်ခြင်တုံတရားနှင့် ဝေဖန်ပိုင်းခြားတွေးခေါ်မှုတို့ တိုးတက်စေမည့် ဝန်းကျင်တစ်ရပ်ဖန်တီးပေးသည်။ အတန်းကို အလေးထားပြီး စိတ်ပါဝင်စားမှုရှိသောကြောင့် ပိုမိုတက်ကြွစွာ သင်ယူကြပါသည်။ |
| **ပူးတွဲသင်ယူမှု** | ပေးထားသည့် အလုပ်ပြီးမြောက်စေမည့် အရင်းအမြစ်များကို ကျောင်းသားများကိုယ်တိုင် စီစဉ်ပြီးရှာဖွေကြသည်။ (ကျောင်းသားများက အကူအညီတောင်းလျှင် ကူညီနိုင်သော်လည်း) ဆရာ/မက မလုပ် ကျောင်းသားများကိုယ်တိုင် တစ်ဦးချင်းနှင့် အုပ်စုဖွဲ့ဆောင်ရွက်ချက်ကို စစ်ဆေးအကဲဖြတ်ကြသည်။ |
| **ပေါင်းစည်းသင်ယူမှု** | စွမ်းဆောင်ရည်အဆင့်မတူသည့် ကျောင်းသားများ အတူတူလုပ်ဆောင်လျှင် အကောင်းဆုံးဖြစ်သည်။ ကျောင်းသား အချင်းချင်း အသက်အရွယ်တူတူ၊ မတူတူ ထိရောက်မှုတူညီပါသည်။ |

**လုပ်ဆောင်ချက် ၈.၂ အဖြေ**

**အချင်းချင်းသင်ယူမှု**

**ပူးတွဲသင်ယူမှု**

**ပေါင်းစည်းသင်ယူမှု**

ကျောင်းသားများ၏ ပညာရေးပေါက်မြောက်အောင်မြင်မှု - အထူးသဖြင့် ဆင်ခြင်တုံတရားနှင့် ဝေဖန်ပိုင်းခြားတွေးခေါ်မှုတို့ တိုးတက်စေမည့် ဝန်းကျင်တစ်ရပ်ဖန်တီးပေးသည်။ အတန်းကို အလေးထားပြီး စိတ်ပါဝင်စားမှုရှိသောကြောင့် ပိုမိုတက်ကြွစွာ သင်ယူကြပါသည်။

ပေးထားသည့် အလုပ်ပြီးမြောက်စေမည့် အရင်းအမြစ်များကို ကျောင်းသားများကိုယ်တိုင် စီစဉ်ပြီးရှာဖွေကြသည်။ (ကျောင်းသားများက အကူအညီတောင်းလျှင် ကူညီနိုင်သော်လည်း) ဆရာ/မက မလုပ် ကျောင်းသားများကိုယ်တိုင် တစ်ဦးချင်းနှင့် အုပ်စုဖွဲ့ဆောင်ရွက်ချက်ကို စစ်ဆေးအကဲဖြတ်ကြသည်။

စွမ်းဆောင်ရည်အဆင့်မတူသည့် ကျောင်းသားများ အတူတူလုပ်ဆောင်လျှင် အကောင်းဆုံးဖြစ်သည်။ ကျောင်းသား အချင်းချင်း အသက်အရွယ်တူတူ၊ မတူတူ ထိရောက်မှုတူညီပါသည်။

## ၂.၁ အချင်းချင်းသင်ယူမှု

- စွမ်းဆောင်ရည်အဆင့်မတူသည့် ကျောင်းသူ/သားများ အတူတူလုပ်ဆောင်လျှင် အကောင်းဆုံးဖြစ်သည်။ ကျောင်းသူ/သားအချင်းချင်း အသက်အရွယ်တူတူ၊ မတူတူ ထိရောက်မှုတူညီပါသည်။
- ပုံစံတကျရှိသည့်ဝန်းကျင်တစ်ရပ်တွင် ကျောင်းသူ/သားများသည် ၎င်းတို့၏ လူမှုရေးစွမ်းရည်များကို လေ့ကျင့်ခွင့်ရပြီး တက်ကြွသော၊ မိမိကိုယ်မိမိထိန်းမတ်သော သင်ယူသူများဖြစ်လာသည်။
- ပိုမိုမြင့်မားသည့် တတ်မြောက်မှုများ ရရှိစေနိုင်ပါမည်။
- အချင်းချင်းဆက်ဆံရေး၊ တစ်သီးပုဂ္ဂလနှင့်လူမှုရေးရာဖွံ့ဖြိုးတိုးတက်မှုဖြစ်စေနိုင်ပါမည်။
- ကျောင်းသူ/သားများကို ပိုမိုစိတ်အား တက်ကြွလာစေပါသည်။

- လူမှုဆက်ဆံရေးကို ဆရာ/မများက တိုက်ရိုက် ထိန်းမတ်ပေးနိုင်ပါမည်။ ဆရာ/မများသည် ကျောင်းသူ/သားများနှင့် နီးနီးကပ်ကပ်အပြန်အလှန် ဆက်ဆံခြင်း၊ တိုးတက်မှုကိုတိုင်းတာစစ်ဆေးရန် တစ်ဦးချင်းအတွက်ပန်းတိုင်များကို တိတိကျကျချမှတ်ခြင်းဖြင့် တစ်ဦးချင်းအတွက်သင့်တော်သော လမ်းညွှန်မှုကိုပေးနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိပါသည်။
- အချင်းချင်းသင်ယူမှုဖြင့် အားလုံးအကျိုးဝင်စေကာ လူမှုဆက်ဆံရေးကို ဆန့်ကျင်သော အပြုအမူများကို လျော့ပါးစေပါသည်။

## လုပ်ဆောင်ချက် ၈.၃ - အချင်းချင်းသင်ယူမှုဥပမာများ (၂၀ မိနစ်)

အချင်းချင်းသင်ယူမှုအကြောင်း အောက်ပါဗီဒီယိုကို **ကြည့်ပါ။**

**အချင်းချင်းသင်ယူမှုနည်းလမ်း**သုံးခုကို သင်ယူမှုဂျာနယ်တွင် အကြံပြု**ရေးသားပါ။**

၎င်းတို့ကို ယခင်ကသုံးဖူးပါသလား။ သင်ယူမှုအပေါ်မည်ကဲ့သို့ သက်ရောက်ပါသနည်း။




https://www.youtube.com/watch?v=SaLgg8QrBCY

အချင်းချင်းသင်ယူနည်း ၃ ခု အကြောင်းစဉ်းစားပါ။

**တွေးတော၊ တွဲဖက်၊ ဝေမျှခြင်း**

**မိမိမတိုင်မီသုံးခု**

**ဂျစ်ဆော ပဟေဠိအပိုင်းအစ အုပ်စုများ**

မိမိအတန်းတွင်း ကျောင်းသူ/သားအမျိုးမျိုးနှင့် နည်းမျိုးစုံသုံးခြင်း၏ အားသာချက်၊ အားနည်းချက်များအကြောင်းစဉ်းစားပါ။ အတွေးအမြင်အချို့ဖြင့် အစပျိုးပေးထားပါသည်။

| အချင်းချင်းသင်ယူမှု | ရှိနိုင်သည့်အားသာချက် | ရှိနိုင်သည့်အားနည်းချက် |
|---|---|---|
| တွေးတော၊ တွဲဖက်၊ ဝေမျှခြင်း | - ကျောင်းသူ/သား**အားလုံး**သည် အတွေးအမြင်နှင့် သင်ယူထားသည်များကို ဆွေးနွေးခွင့် ရပါသည်။ | - ကျောင်းသူ/သားတစ်ဦးဦးက ရှက်ရွံ့ခြင်း၊ ပြောဆိုရန်မရဲဝံ့ခြင်းများ ရှိနိုင်ပါသည်။ |
| မိမိမတိုင်မီသုံးခု | - လွတ်လပ်စွာဆောင်ရွက်နိုင်မှု | |
| ဂျစ်ဆော ပဟေဠိ အပိုင်းအစ အုပ်စုများ | - စူးစမ်းရန်နှင့် ဆွေးနွေးရန်အခွင့်အလမ်း | |

**လုပ်ဆောင်ချက် ၈.၃ - နမူနာအဖြေများ**

အောက်ပါဖြစ်နိုင်ချေရှိသည့် အားသာချက်နှင့်အားနည်းချက်များကိုကြည့်ပါ။ မိမိတွေးထားသည့်အခြားအဖြေများသော်လည်းကောင်း၊ ပေးထားသည့်အားနည်းချက်ကို အဖြေမှန်ဟု မထင်ခြင်းသော်လည်းကောင်း ရှိနိုင်ပါသည်။ ဥပမာ ကျောင်းသူ/သားအားလုံးတစ်ပြိုင်တည်းပြောခြင်း။ ဆူညံပွက်လောရိုက်နေသော်လည်း ဆူညံသံကို ထိန်းနိုင်လျှင် ကျောင်းသူ/သားအားလုံး စိတ်ပါဝင်စားလျက် လိုက်ပါလုပ်ဆောင်နိုင်သောကြောင့်ကြီးမားသည့်အားသာချက် ဖြစ်ပါသည်။

| အချင်းချင်းသင်ယူမှု | ရှိနိုင်သည့်အားသာချက် | ရှိနိုင်သည့်အားနည်းချက် |
|---|---|---|
| တွေးတော၊ တွဲဖက်၊ ဝေမျှခြင်း | - ကျောင်းသူ/သား**အားလုံး**သည် အတွေးအမြင်နှင့် သင်ယူထားသည်များကို ဆွေးနွေးခွင့်ရပါသည်။<br>- ကျောင်းသူ/သားအသက်အရွယ်စုံနှင့် သင့်တော်ပါသည်။<br>- ကျောင်းသူ/သားများက ၎င်းတို့၏ နားလည်မှုကို စစ်ဆေးနိုင်ပါသည်။<br>-(အထူးသဖြင့် အချိန်သတ်မှတ်ပြီးသုံးခဲ့လျှင် - ဥပမာ ၂ မိနစ်) စိတ်ပါဝင်စားဖွယ်၊ စိတ်အားတက်ကြွဖွယ်ကောင်းပါသည်။<br>- မဝံ့မရဲဖြစ်သော၊ စဉ်းစားချိန်ပိုမို လိုအပ်သော ကျောင်းသူ/သားများအတွက် အထောက်အကူဖြစ်ပါ သည်။ | -ကျောင်းသူ/သားတစ်ဦးဦးမှ ရှက်ရွံ့ခြင်း၊ ပြောဆိုရန်မရဲဝံ့ခြင်းများ ရှိနိုင်ပါသည်။<br>-ကျောင်းသူ/သားအားလုံး တစ်ပြိုင်တည်း ပြောဆိုနေကြသောကြောင့် ဆူညံပွက်လောရိုက် နေပါမည်။<br>-ကျောင်းသူ/သားတစ်ဦးတည်းမှ ဒိုင်ခံပြောခြင်း ဖြစ်နိုင်ပါသည်။ |
| မိမိမတိုင်မီသုံးခု | - လွတ်လပ်စွာဆောင်ရွက်နိုင်မှု<br>- အပြောနှင့်နားထောင်မှုစွမ်းရည် တိုးတက်လာပါမည်။<br>- ကျောင်းသူ/သားအချင်းချင်း သင်ကြား/သင်ယူခွင့်ပေး ပါသည်။ | -သူတစ်ပါးမှသင်ကြားမှုကိုအားကိုးပါ သည်။<br>- ကျောင်းသူ/သားတစ်ဦးပေးသည့်အဖြေအမှားကို အခြားကျောင်းသူ/သားက လိုက်လုပ်မိနိုင်ပါမည်။ |
| ဂျစ်ဆော ပဟေဠိအပိုင်းအစ အုပ်စုများ | -စူးစမ်းရန်နှင့် ဆွေးနွေးရန်အခွင့်အလမ်း<br>- အုပ်စုဖွဲ့လုပ်ဆောင်ပြီး အခြားကျောင်းသူ/သားများထံမှ သင်ယူရန် အခွင့်အလမ်း<br>- အသင်းတွင်းတာဝန်ယူခြင်း | -အဖွဲ့အတွင်း ကျောင်းသူ/သားအချင်းချင်း တည့်ချင်မှတည့်ပါမည်။<br>-တစ်ယောက်ကဦးဆောင်ပြီး ကျန်ကျောင်းသူ/သားများက ပါဝင်လုပ်ဆောင်ခွင့် မရကြပါ။ |

## ၂.၂ ပူးတွဲသင်ယူမှု


- လုပ်ဆောင်ချက်များပုံစံတစ်ကျရှိပါသည်။ ကျောင်းသူ/သားများ ဖတ်ရှု၊ ပိုင်းခြားစိတ်ဖြာ၊ စူးစမ်းရန် အချက်အလက်၊ အရင်းအမြစ်များကို ဆရာ/မကပေးပြီး ကျောင်းသူ/သားတစ်ဦးချင်း၏အခန်းကဏ္ဍကို တိတိကျကျသတ်မှတ်ပေးပါသည်။

ဆရာ/မက ကြိုတင်ပြင်ဆင်ခြင်း၊ လုပ်ဆောင်ချက်ကို ကျောင်းသူ/သားများအား မိတ်ဆက်ပေးခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လိုအပ်သလို ဝင်ကူခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်းတို့ လုပ်ဆောင်ပါမှ ပူးတွဲသင်ယူမှုက ထိရောက်နိုင်ပါမည်။

- ကျောင်းသူ/သားများ၏ပညာရေးအောင်မြင်မှု၊ အထူးသဖြင့် ဆင်ခြင်တုံတရားနှင့် ဝေဖန်ပိုင်းခြားတွေးခေါ်မှုတို့ တိုးတက်စေမည့်၊ ဝန်းကျင်တစ်ရပ်ဖန်တီးပေးပါသည်။ အတန်းကိုအလေးထားခြင်း၊ တစ်ဦးချင်းပါဝင်မှုရှိခြင်းတို့ကြောင့် ပိုမိုတက်ကြွစွာ ပါဝင်လုပ်ဆောင်ကြပါသည်။
- ပူးတွဲသင်ယူမှုမှ တာဝန်သိမှု၊ စီစဉ်နိုင်စွမ်း၊ ဆုံးဖြတ်ချက်ချမှုနှင့် စိတ်အားတက်ကြွမှုတို့ကို တိုးတက်စေခြင်းဖြင့် ကျောင်းသူ/သားများကို ပျိုးထောင်ပေးပါသည်။ စမ်းသပ်၊ စူးစမ်း၊ ခံစားချက်များကိုဖွင့်ဟဖော်ပြ၊ ကိုယ်ချင်းစာစေနိုင်မည့် မိမိကိုယ်မိမိ ယုံကြည်မှုကိုလည်း တည်ဆောက်ပေးပါသည်။


ပူးတွဲသင်ယူမှုဥပမာအချို့ကိုဖတ်ရှုပြီး မိမိအတန်းတွင်းသုံးနိုင်ပုံ၊ ကျောင်းသူ/သားများမှ တုံ့ပြန်နိုင်ပုံတို့ကို စဉ်းစားပါ။

## ကျွမ်းကျင်သူအုပ်စုများ





ခေါင်းစဉ်တစ်ခုကို စူးစမ်းရန် (သို့) ဖတ်ကြားရန် ဆရာ/မက (အုပ်စု ၁၊ ၂၊ ၃ စသည်ဖြင့်) သင်ယူသူများကို အုပ်စုဖွဲ့ပေးပါသည်။ သင်ယူသူများကို A, B, C, စသည်ဖြင့်သတ်မှတ်ပေးပြီး စာလုံးတူသူများ (A အားလုံး၊ B အားလုံး၊ C အားလုံး) အုပ်စုများဖွဲ့ကြရန်။ အုပ်စုသစ်တွင် မူလအုပ်စုမှ စူးစမ်း ဖတ်ကြားခဲ့သည်များကို ပြန်ရှင်းပြပါသည်။ မှတ်ချက် အဖွဲ့တွင်း ကျောင်းသူ/သားအရေအတွက်သည် မ ဂဏန်းလည်း ဖြစ်နိုင်ပါသည်။ ပိုမိုသိရှိနားလည်ရန်လိုအပ်သည့်အုပ်စုတွင်းသို့လည်းကောင်း၊ အုပ်စုဖွဲ့လုပ်ဆောင်ရန် မရဲဝံ့သေးသည့် အဖွဲ့တွင်းသို့လည်းကောင်း နောက်ထပ်သင်ယူသူတစ်ယောက်ကိုထည့်နိုင်ပါသည်။ ပုံတွင် အဖွဲ့ ၃၌ ကလေးနှစ်ဦးကို C ဟု သတ်မှတ်ထားပါသည်။

## ငါးအလှမွေးဖန်အိုး



ဆရာ/မက အတန်းကို နှစ်ခြမ်းခွဲပါသည်။ တစ်ခြမ်းသည် အလယ်ခေါင်တွင် အတွင်းဖက် မျက်နှာမူဝိုင်းဖွဲ့ပြီး ကျန်တစ်ဝက်မှာ အပြင်မှဝိုင်းရံပါမည်။ အတွင်းဝိုင်းတွင် ရွေးချယ်ထားသည့် ခေါင်းစဉ်တစ်ခုကိုဆွေးနွေးပြီး အပြင်ဝိုင်းမှ သူများကနားထောင်ကြပါမည်။ ဝင်မပါရပါ။ ဆရာ/မအချက်ပြသည့်အခါ နေရာပြောင်းပြီး အတွင်းဝိုင်းမှ အပြင်ရွှေ့ပြီး နားထောင်ကြရန်။ အပြင်ဝိုင်းမှ ကျောင်းသူ/သားများက အတွင်းဝိုင်းထဲဝင်ပြီး ဆက်လက်ဆွေးနွေးကြပါမည်။


**အမေးအဖြေအတွဲ**



ဆရာ/မမှ သင်လက်စအကြောင်းအရာတစ်ခုအပေါ်အခြေပြုလျက် အမေးအဖြေတစ်စုံထုတ်ပါမည်။ အမေးအဖြေတစ်ခုချင်း စာရွက်တစ်ပိုင်းစီတွင်ရေးပါမည်။ ပြန်တွဲရာတွင်အကူအညီလိုသည့် ကျောင်းသူ/သားများအတွက် ရောင်စုံစက္ကူဖြင့် မေးခွန်းထုတ်ရန်။
စာရွက်ပိုင်းများကို ကျပန်းဝေကာ ကျောင်းသူ/သားများကိုဖတ်ချိန်ပေးပါ။ အမေးအဖြေအမှန်ကို ကျောင်းသူ/သားများတွေးကာ အတူတူတွဲပေးကြရန် ဖြစ်ပါသည်။ အားလုံးတွဲပြီးသည့်အခါ တစ်တန်းလုံးသဘောတူရန်(သို့)ပိုကောင်းသည့်အဖြေ/အတွဲကိုအကြံပြုရန် ကျောင်းသူ/သားများက အမေးအဖြေကို ဖတ်ပြနိုင်ပါသည်။

Adapted images - Source: https://pixabay.com/images/search/burma/?pagi=2& (free)

## လုပ်ဆောင်ချက် ၈.၄ - ပူးတွဲသင်ယူမှု၏ အားသာချက်/အားနည်းချက်များ (၂၀ မိနစ်)



ပူးတွဲသင်ယူမှုသာဓကသုံးရပ်ကိုစဉ်းစားပါ။

ဤနည်းလမ်းများကို အတန်းတွင်းသုံးသည့်အခါ မည်သည့်အားသာချက်/အားနည်းချက်များ ရှိမည်ထင်ပါသနည်း။ မိမိသင်ကြားသည့် ကျောင်းသူ/သားများအကြောင်းတွေးပြီး မည်သို့အကျိုးဖြစ်ထွန်းနိုင်ကြောင်း၊ မည်သို့အခက်ကြုံနိုင်ကြောင်း တွေးသင့်ပါသည်။ စတင်လုပ်ဆောင်စေနိုင်မည့် အတွေးအမြင်အချို့ကို အောက်ပါဇယားတွင် ပေးထားပါသည်။

| ပူးတွဲသင်ယူနည်း | ရှိနိုင်သည့်အားသာချက် | ရှိနိုင်သည့်အားနည်းချက် |
|---|---|---|
| ကျွမ်းကျင်သူအုပ်စုများ | - ကျောင်းသူ/သားများအာရုံစိုက်ပြီး တာဝန်ယူရမည် | - မိမိတို့အုပ်စုကို ကိုယ်စားပြုရန်တွန်းအားပေးသည်ဟု ခံစားခြင်း ရှိနိုင်သည်။ |
| ငါးအလှမွေးဖန်အိုး | | - ကျောင်းသူ/သားများသည့် အတန်းတွင် ခက်ခဲနိုင်သည် |
| အမေးအဖြေအတွဲ | -ရိုးရိုးရှင်းရှင်း တွဲဖက်ကစားနည်းအဖြစ် လွယ်လင့်တကူ ပြောင်းလဲနိုင်သည်။ | |

## လုပ်ဆောင်ချက် ၈.၄ နမူနာအဖြေ

အောက်ပါ ဖြစ်နိုင်ချေရှိသည့်အားသာချက်၊ အားနည်းချက်အကြောင်း အကြံပြုချက်များကိုကြည့်ပါ။ အားနည်းချက်ဟုယူဆဖွယ်မရှိသော အခြားအချက်များကို တွေးကောင်းတွေးမိပါလိမ့်မည်။ ဥပမာ ကျောင်းသူ/သားများသည့် အတန်းတွင် ခက်ခဲသည့် လုပ်ဆောင်ချက်များကို အုပ်စု/ဝိုင်း ၂ ခုဖွဲ့နည်း သုံးခြင်းစသဖြင့် ကျောင်းသူ/သားများအားလုံး စိတ်ပါဝင်စားစွာ လုပ်ဆောင်စေနိုင်ပါသည်။

| ပူးတွဲသင်ကြားနည်းစနစ် | ရှိနိုင်သည့်အားသာချက် | ရှိနိုင်သည့်အားနည်းချက် |
|---|---|---|
| ကျွမ်းကျင်သူအုပ်စုများ | - သင်ယူသူများအာရုံစိုက်ပြီး တာဝန် ယူရမည်။<br>- သင်ယူသူ အချင်းချင်းပူးတွဲလုပ်ဆောင်ခြင်းဖြင့် ပိုမိုစိတ်ပါဝင်စားစေပါသည်။<br>- ဆွေးနွေးရန်နှင့် ဝေဖန်ပိုင်းခြားတွေးခေါ်ရန် အခွင့်အလမ်း<br>- အခြားသူများကိုသင်ကြားရန်အခွင့်အလမ်း | - မိမိတို့အုပ်စုကို ကိုယ်စားပြုရန်တွန်းအားပေးသည်ဟု ခံစားခြင်း ရှိနိုင်သည်။<br>- အသက်ငယ်သူ သင်ယူသူများအတွက် အလိုက်သင့် ပြောင်းလဲရန်လိုအပ်လိမ့်မည်။ |
| ငါးအလှမွေးဖန်အိုး | - သင်ယူသူများ ဂရုတစိုက် နားထောင်ရမည်။<br>- တက်ကြွစွာ သင်ယူမှု<br>- စဉ်းစားချိန်ပေးရန်နှင့် အကောင်းဆုံးတုံ့ပြန်မှုအတွက် ပြင်ဆင်ရန် အခွင့်အလမ်း | - အချို့ကျောင်းသူ/သားများ စကားပြောခွင့်ရချင်မှ ရပါမည်။<br>- အသက်ငယ်သူ သင်ယူသူများအတွက် စိန်ခေါ်မှုရှိနိုင်ပါ သည်။<br>- ကျောင်းသူ/သားများသည့်အတန်းတွင် ခက်ခဲနိုင်သည် |
| အမေးအဖြေအတွဲ | - ရိုးရိုးရှင်းရှင်း တွဲဖက်ကစားနည်းအဖြစ် လွယ်လင့်တကူ ပြောင်းလဲနိုင်သည်။<br>- အပြောနှင့် နားထောင်မှုစွမ်းရည်ကို ဖော်ဆောင်ပါသည်။<br>- တုံ့ပြန်မှုအမျိုးမျိုးကို ပိုင်ခြားစိတ်ဖြာရန်၊ ဝေဖန်ပိုင်းခြားတွေးခေါ်ရန် အခွင့်အလမ်း<br>- တက်တက်ကြွကြွ သင်ယူမှုနှင့် လှည့်လည်သွားလာရန်အခွင့်အလမ်း | - ကျောင်းသူ/သားများသည့်အတန်းတွင် တွဲလုပ်ရန် အဖော်ရှာရာတွင် ပံ့ပိုးပေးရန် လိုအပ်ပါမည်။<br>- အချိန်ကြာနိုင်ပါသည်။<br>- အမြန်တွဲလိုက်သည့် ကျောင်းသူ/သားများသည် အခြားကျောင်းသူ/သားများကို စောင့်ဆိုင်းရင်း ခိုင်းထားသည်များကို မလုပ်မိခြင်းရှိနိုင်ပါသည်။ |

## ၂.၃ ပူးပေါင်းသင်ယူမှု

- ကျောင်းသူ/သားနှစ်ယောက်နှင့်အထက်က ရည်မှန်းချက်တူညီစွာ ပူးတွဲလုပ်ကိုင်သည့် အစီအစဉ်
- ဆရာ/မက ရှင်းပြခြင်း၊ ဗီဒီယိုကြည့်ခြင်း၊ စာဖတ်ခြင်းအားဖြင့် အသိသညာသစ်တစ်ရပ်ကို မိတ်ဆက်ပြီးသည့်အခါ ကောင်းမွန်စွာလုပ်နိုင်ပါသည်။ ကျောင်းသူ/သားတစ်ဦးချင်း၏ ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ စွမ်းဆောင်ရည်တို့ကို ပေါင်းဖက်ပြီး တူညီသည့်သင်ယူမှု ပန်းတိုင်ထံရောက်ရှိကာ အချက်အလက်သစ်၊ အတွေ့အကြုံသစ်တို့ကို ရရှိစေပါသည်။

- ကျောင်းသူ/သားများကိုယ်တိုင် စုစည်းစီစဉ်ပြီး အလုပ်ပြီးအောင်လုပ်ရန် အရင်းအမြစ်များ ရှာဖွေပါသည်။ (ကျောင်းသူ/သားများ တောင်းဆိုလျှင် ကူညီနိုင်သော်လည်း) ဆရာ/မ စောင့်ကြည့်လေ့လာခြင်းမလုပ်ဘဲ ကျောင်းသူ/သားများကိုယ်တိုင် တစ်ဦးချင်းနှင့် အုပ်စုလိုက် လုပ်ဆောင်ချက်ကို ဆန်းစစ်အကဲဖြတ်ပါသည်။
- အောင်မြင်မှုသည် တစ်ဦးချင်းအားသာချက်အပေါ်မူတည်ပြီး မိမိကိုယ်တိုင်သော်လည်းကောင်း၊ အချင်းချင်းသော်လည်းကောင်း သင်ယူမှုအတွက် ကျောင်းသူ/သားများတွင်တာဝန်ရှိပါသည်။ မိမိဘာသာ စီမံခန့်ခွဲမှု၊ လူမှုရေးရာ သတိမူမှု၊ တာဝန်သိသိ ဆုံးဖြတ်ချက်ချမှုတို့ ဖြစ်ပေါ်စေပြီး ဆက်ဆံရေးနှင့် ဆက်သွယ်မှုတို့ ဖွံ့ဖြိုးစေပါသည်။

### လုပ်ဆောင်ချက် ၈.၅ - ပူးပေါင်းသင်ယူမှုသာဓကများ (၂၀ မိနစ်)

ပူးပေါင်းသင်ယူမှုအကြောင်းအောက်ပါဗီဒီယိုကို**ကြည့်ပါ**။
အကြံပြုထားသည့် **ပူးပေါင်းသင်ယူနည်းများ**ကို သင်ယူမှုဂျာနယ်တွင် **ရေးပါ။**
၎င်းတို့ကို ယခင်ကသုံးဖူးပါသလား။ သင်ယူမှုအပေါ်မည်သို့သက်ရောက်ခဲ့ပါသနည်း။
အတန်းတွင် သင် ချမှတ်သည့် လုပ်ဆောင်ချက်များက ဤသင်ယူပုံနှင့် မည်သို့ဆက်နွယ်ကြောင်း **စဉ်းစားပါ**။
လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့်ဆွေးနွေးပါ။
https://www.youtube.com/watch?v=ncyXxMcmWhE



အောက်ပါဗီဒီယိုကို**ကြည့်ပါ**။
ဤဗီဒီယိုတွင် ဝီလျံဒီလန်က 'အစီရင်ခံသူ'ဟူသော ဝေါဟာရကိုသုံးထားပါသည်။ အုပ်စုတွင်း လုပ်ဆောင်ချက်ကို တစ်တန်းလုံးထံ ပြန်လည်တင်ပြသည့် အုပ်စုဝင်တစ်ဦးကို ရည်ညွှန်းပါသည်။
https://www.youtube.com/watch?v=TqBNWEQmBRM

'အုပ်စုအ**တွင်း**လုပ်ဆောင်ခြင်းထက် အုပ်စု**အနေဖြင့်**လုပ်ဆောင်ရန်' ကျောင်းသူ/သားများကို အားပေးသင့်ကြောင်းလည်း သူက ဆိုပါသည်။ သူက မည်သည်ကိုဆိုလိုသည်ဟု ထင်မြင်ပါသနည်း။ ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် ဆွေးနွေးပါ။ မိမိအတွက်၊ ကျောင်းသူ/သားများနှင့်မိမိလုပ်သည့် အလုပ်အတွက် ထိုအဆို၏အဓိပ္ပါယ်ဆောင်ပုံကို အခြားဆရာ/မတစ်ဦးနှင့် ဆွေးနွေးပါ။


**ပြန်လည်သုံးသပ်ပါ -** ကျောင်းသူ/သားများကို အုပ်စုဖွဲ့လုပ်ဆောင်စေသည့်အခါ ၎င်းတို့ကအုပ်စုလိုက် ထိထိရောက်ရောက် လုပ်ဆောင်နိုင်စွမ်း ရှိပါပြီလား။ အုပ်စုလိုက်လုပ်ဆောင်ရမည့် (ပူးပေါင်းသင်ယူမှု)တွင် ကျောင်းသူ/သားများ တက်တက်ကြွကြွ ပါဝင်အောင် မည်ကဲ့သို့လုပ်ရပါမည်နည်း။
ဆရာ/မနှင့် ကျောင်းသူ/သားများ၏ အခန်းကဏ္ဍအကြောင်း ဒီလန်က မည်သို့အဆိုရှိပါသနည်း။ ဖြစ်နိုင်လျှင် မိမိက ကျောင်းသူ/သားများနှင့်လုပ်ဆောင်သည့်အလုပ်သည် ထိုအဆိုနှင့်မည်သို့ဆက်နွယ်ပုံကို လုပ်ငန်းဖော်တစ်ဦးနှင့် ဆွေးနွေးပါ။

Funded by: UKaid

Towards Results in Education & English

## ၂.၄ ပူးတွဲသင်ယူမှုနှင့် ပူးပေါင်းသင်ယူမှုခြားနားချက်

**ပူးပေါင်းသင်ယူမှု**တွင် ကျောင်းသူ/သားများကိုယ်စီ သီးသန့်စီတိုးတက်မှုရှိပြီး **ပူးတွဲသင်ယူမှု**တွင် အပြန်အလှန်မှီခိုမှု၊ တာဝန်ခံမှုပိုရှိသည်။ ခြားနားချက်ကိုနားလည်အောင် အောက်ပါဗဲင်းဇယားကိုကြည့်ပါ။ ထပ်သည့်နေရာသည် နှစ်မျိုးလုံး၏ အကျိုးကျေးဇူးကို ဖော်ပြသည်။




Implemented by: BRITISH COUNCIL, The Open University, VSO, montrose


Funded by: UKaid

Towards Results in Education & English

## ၂.၅ အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူမှု၏အကျိုးကျေးဇူးများ

သင်ယူပုံမျိုးစုံကို တတ်မြောက်မှုနှင့် ချိတ်ဆက်သောအခါ ကျောင်းသူ/သားများသင်ယူမှုတွင် အထိရောက်ဆုံး နေရာကို သိရှိလာနိုင်ပါသည်။

အက်ဂါဒေးလ်(၁၉၄၆)၏ သင်ယူမှုပိရမစ်က သင်ကြား/သင်ယူရေးဖြစ်စဉ်များဆိုင်ရာ သဘောတရားမျိုးစုံကို ထည့်သွင်းထားသည့် စံပြုပုံစံဖြစ်ပါသည်။ ၎င်း၏သီအိုရီအရ ကျောင်းသူ/သားများ "**ကြားလိုက်၊ ဖတ်လိုက်၊ လေ့လာလိုက်သည့်အရာ**" ထက် "**၎င်းတို့လုပ်လိုက်သည့်အရာ**"ကို ပိုမိုမှတ်မိကြောင်း အကြံပြုထားပါသည်။




ဤသင်ရိုးပိုင်းတွင် အာရုံစိုက်ထားသည့် သင်ယူပုံအသီးသီးအရ သင်ယူသူများသည်အတူတကွလုပ်ကိုင်ကာ အုပ်စုဖွဲ့ဆွေးနွေးရန် လိုအပ်ပါသည်။ အထက်ပါစံပုံစံကိုထောက်ရှု၍ နားထောင်ရန်နှင့်ဖတ်ရှုရန်လိုသည့် အစဉ်အလာ'ပို့ချနည်း'နှင့် နှိုင်းယှဉ်သော် ကျောင်းသူ/သားများသည် ၅၀-၉၀%မျှသာ မှတ်မိနိုင်ကြောင်းတွေ့ရပါသည်။ ပို့ချမှုပုံစံတွင် ၅-၁၀%မျှသာ မှတ်မိပါမည်။

(သင်ရိုးပိုင်း ၂ သင်ယူသူများကိုသိရှိခြင်း ကိုပြန်လည်ဆက်စပ်လျက်) သင်ယူသူအားလုံးအကြောင်း တွေးကြည့်လျှင် ၎င်းတို့နှစ်သက်ရာသင်ယူပုံ ကိုယ်စီရှိကြောင်း သိရှိနိုင်ပါသည်။ ၎င်းတို့၏ သင်ယူမှုလိုအပ်ချက်များကြောင့်လည်းကောင်း၊ အကြားထက် အမြင်အာရုံသုံး တင်ပြမှုကို ပိုမိုကောင်းမွန်စွာတုံ့ပြန်ခြင်းကြောင့်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ နှုတ်ဖြင့် ညွှန်ကြားချက်ကို ရုပ်ပုံဖြင့်ပံ့ပိုးခြင်း၊ လက်တွေ့သရုပ်ပြမှုထည့်သွင်းခြင်း အစရှိသည့် အဆင့်ဆင့်ချဉ်းကပ်မှုကို သုံးသည့်အခါ ကလေးများ ပိုမိုတတ်မြောက်ပြီး အချက်အလက်များကို ပိုမိုမှတ်မိနိုင်ချေရှိပါသည်။

**သင်ယူသူများ အမြင်အကြားအာရုံများ ချို့တဲ့လျှင် အခြားသင်ယူသူများကဲ့သို့ တူညီသည့်အာရုံသိရှိခံစားမှုလည်း မရှိနိုင်ပါ။ "ဘယ်လုပ်ဆောင်ချက်က သူတို့နဲ့ကိုက်ညီမှာလဲ" "ဆရာ/မတစ်ယောက်အနေနဲ့ ကျောင်းသူ/သားအားလုံးကို သင်ကြားနိုင်အောင် လုပ်ဆောင်ချက်ကို ဘယ်လိုလိုက်လျောညီထွေ ပြောင်းလဲမှာလဲ"ဟု မိမိကိုယ်မိမိ မေးခွန်းထုတ်ပါ။**

Image Source: https://www.flickr.com/photos/dkuropatwa/with/2097911609/ (Creative Commons)

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

### လုပ်ဆောင်ချက် ၈.၆ - အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူမှုသုံးသည့်အခါ မှတ်မိခြင်း (၁၅ မိနစ်)




၁. **သင်ယူမှုပိရမစ်**ကိုကြည့်ပြီး ကျောင်းသူ/သားများ အထူး မှတ်မိသည့် သင်ခန်းစာတစ်ခုကို **ပြန်လည်သုံးသပ်**ပါ။

- အဘယ်ကြောင့်အောင်မြင်ပါသနည်း။
- သင်ယူသူများ စိတ်ပါဝင်စားအောင် သင် မည်သို့ လုပ်ဆောင်ပါသနည်း။ ဥပမာ ၎င်းတို့၏ သင်ယူမှုကို ဆွေးနွေးချိန် ပေးပါသလား။
- ပိရမစ်မည်သည့်နေရာတွင် သင့်သင်ခန်းစာကို ထည့်နိုင်ပါသနည်း။

မိမိဥပမာအား လုပ်ငန်းဖော်တစ်ဦးအား ပြောပြကာ ကျောင်းသူ/သားများစိတ်ဝင်စားအောင်လုပ်ပုံကိုဆွေးနွေးပါ။

၂. ကျောင်းသူ/သားများအား အတူတူလုပ်ခိုင်းခြင်း၏ **အကျိုးကျေးဇူးများကို** သင်ယူမှုဂျာနယ်တွင် **စာရင်းပြုလုပ်**ပါ။ လိုအပ်လျှင် သင်ရိုးပိုင်းမှ ပြီးခဲ့သည့် အခန်းများပြန်ကြည့်ပါ (သို့) လုပ်ဆောင်ချက် ၈.၃ နှင့် ၈.၅ မှ ဗီဒီယိုများ ပြန်ကြည့်ပါ။

### လုပ်ဆောင်ချက် ၈.၇ - အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုရေးခြင်း (၁၅ မိနစ်)

ပူးတွဲသင်ယူမှုနှင့် ပူးပေါင်းသင်ယူမှုအကြောင်း ဖတ်ရှုခဲ့သမျှကို **စဉ်းစားပါ**။ ၎င်းတို့အကြား ခြားနားချက်ကို ရှင်းပြနိုင်ပါမလား။

အခက်ကြုံခဲ့လျှင် ရေးခဲ့သည့်မှတ်စုများ၊ ယခင်သင်ရိုးပိုင်းများကို ပြန်ကြည့်နိုင်ပါသည်။ မိမိနားလည်မှုအတွက် အထောက်အကူ ဖြစ်အောင် ခြားနားချက်ကို လုပ်ငန်းဖော်တစ်ဦးအား ရှင်းပြပါ။

ဤသင်ယူပုံများအပေါ် သင်ရိုးပိုင်းအစတွင် သင်ထားရှိခဲ့သည့် ထင်မြင်မှု ပြောင်းလဲသွားပါပြီလား။ သင်ယူမှုဂျာနယ်တွင် သင်ယူပုံနှစ်ခုလုံးအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်များရေးပါ။

## ဆွေးနွေးချက်

**အချင်းချင်းထံမှ သင်ယူမှု**ဖြင့်  ကျောင်းသူ/သားများ၏အတွေးအမြင်များ ကျယ်ပြန့်စေပြီး ယခင်နှင့်ယခုအသိပညာများ အဓိပ္ပါယ်ရှိရှိ ဆက်စပ်မိသည့်အပြင် လူမှုရေးရာ အကျွမ်းဝင်လာပါမည်။ ကျောင်းသူ/သားများ၏ သင်ယူနှုန်းအသီးသီးကို ထိထိရောက်ရောက် ထိန်းမတ်ပေးနိုင်မည့်နည်းလည်းဖြစ်ပါသည်။ ပိုမိုလျင်မြန်စွာသင်ယူနိုင်သည့်ကျောင်းသူ/သားက ရှင်းပြသည့်တာဝန်ယူရင်း အခြားကျောင်းသူ/သားများကိုလည်း ကူညီကာ ၎င်းတို့ကိုယ်တိုင်၏ နားလည်မှုကိုလည်း ပိုမို နက်နဲလာစေပါမည်။ အလှည့်ကျတာဝန်ယူစေခြင်းဖြင့်လည်း ကျောင်းသူ/သား တိုင်း အလားတူအတွေ့အကြုံမှ အကျိုးခံစားနိုင်ပါမည်။

**ပူးပေါင်းသင်ယူမှု**သည် အတန်းတွင်းမေးခွန်းတစ်ခုမေးခြင်းသော်လည်းကောင်း၊ ပညာသင်နှစ်ဝက်အတွင်း ရလဒ်အမျိုးမျိုး ရရှိမည့် ရေရှည်လုပ်ငန်းသော်လည်းကောင်း ဖြစ်နိုင်ပါသည်။ ဖြစ်နိုင်သည့် လုပ်ဆောင်ချက်များမှာ ဖြစ်ရပ်လေ့လာမှုတစ်ခု၊ ကျောင်းသူ/သားများ ကိုယ်တိုင်ဦးဆောင်သည့် အလွတ်သဘောဆွေးနွေးမှုများ သို့မဟုတ် စကားရည်လုပွဲ၊  ပူးပေါင်းရေးသားမှု၊ တင်ပြမှု၊ ကစားနည်းများနှင့် သရုပ်ပြမှုများ ဖြစ်နိုင်ပါသည်။

ကျောင်းသူ/သားများက ကိုယ်တိုင်ဦးစီးဦးရွက်ပြုပြီး ဆရာ/မထံမှ ညွှန်ကြားချက်များ၊ လမ်းညွှန်မှုများ မရရှိပါ။ အုပ်စုတွင်း ၎င်းတို့၏အခန်းကဏ္ဍများ၊ အရင်းအမြစ်များနှင့် အုပ်စုဖွဲ့စည်းပုံတို့ကို ဆုံးဖြတ်ပါသည်။ ဆရာ/မကလိုအပ်လျှင် အကြံပေး နိုင်ပါသည်။

**ပူးတွဲသင်ယူမှု**တွင် လုပ်ဆောင်ချက်ဖွဲ့စည်းပုံ၊ အခန်းကဏ္ဍများနှင့် တာဝန်များကို သတ်မှတ်ထားသော်လည်း ညှိနှိုင်းဆောင်ရွက် နိုင်ကာ လုပ်ငန်းဦးဆောင်ညွှန်ကြားသူတစ်ဦးရှိပါသည်။  လုပ်ငန်းအောင်မြင်မှုသည် အပြန်အလှန်ယှက်နွယ်နေပြီး အချင်းချင်း ပံ့ပိုးပေးသည့် အခန်းကဏ္ဍများအပေါ် မူတည်ပါသည်။ အုပ်စုတွင်းမှ အခြားကျောင်းသူ/သားများ ၎င်းတို့၏သင်ယူမှုပန်းတိုင်သို့ ရောက်မှသာလျှင် မိမိတို့လည်း ကိုယ့်ပန်းတိုင်သို့ရောက်နိုင်သည်ဖြစ်ကြောင်း ကျောင်းသူ/သားများက သိပါသည်။ စာသင် ကျောင်းနှင့် လက်တွေ့ဘဝတွင် ပူးတွဲဆောင်ရွက်ရာ၌ အပြန်အလှန်အမှီသဟဲပြုမှု၊ အချင်းချင်းအား တာဝန်ခံမှုတို့ ရှိရပါသည်။

## လုပ်ဆောင်ချက် ၈.၈ - စာသင်ခန်းတွင်းအခင်းအကျင်း (၂၀ မိနစ်)

အိန္ဒိယနိုင်ငံစာသင်ကျောင်းများမှ အတန်းတွင်းလုပ်ဆောင်ချက်များကိုပြသသော (အင်္ဂလိပ်ဘာသာနောက်ခံပြောသည့်) **ဗီဒီယို ၃ ကား**ဖြစ်ပါသည်။ ဤသင်ရိုးပိုင်းတွင် ဆွေးနွေးခဲ့ပြီးဖြစ်သည့် နည်းလမ်းအတော်များများကို လက်တွေ့အကောင်အထည် ဖော်ပုံကို သိမြင်နိုင်ရန် သရုပ်ပြထားပါသည်။



ဗီဒီယို ၁- အလယ်တန်း သိပ္ပံအတန်း

https://www.youtube.com/watch?v=tR2hIYOpBcI&feature=youtu.be



ဗီဒီယို ၂- အလယ်တန်းအင်္ဂလိပ်စာအတန်း (3'23'')

https://www.youtube.com/watch?v=Qm2hp-hNEI4



ဗီဒီယို ၃ - မူလတန်းအောက်ဆင့် သင်္ချာအတန်း

https://www.youtube.com/watch?v=UHQwZlU2o80&feature=youtu.be

ဖြစ်နိုင်လျှင်လုပ်ငန်းဖော်တစ်ဦးနှင့်အတူတူကြည့်ပြီးဆွေးနွေးပါ။

- ဗီဒီယိုတစ်ခုချင်းတွင် မည်သည့် လက္ခဏာများကို တွေ့ရပါသနည်း။
- အတန်းတွင်းကျောင်းသူ/သား**အားလုံး**၏ ပံ့ပိုးလုပ်ဆောင်မှုများကို မည်ကဲ့သို့တန်ဖိုးထားပါသနည်း။
- သင့်ကျောင်းသူ/သားများသည် ဤအတွေးအမြင်တို့ကို အတန်းတွင်း သုံးနိုင်ပါမည်လား။
- မိမိကိုယ်တိုင်တွေ့မြင်ပြီးနောက် ထိုအတွေးအမြင်များကို မည်မျှစိတ်ချလက်ချ စမ်းသပ်အသုံးပြုနိုင်ပါသနည်း။
- ကျောင်းသူ/သားများ သင်ယူမှုတွင် ပါဝင်လာအောင် အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူမှုလုပ်ဆောင်ချက်များကို မည်သို့ ထည့်သွင်းနိုင်ပါသနည်း။

## ၂.၆ မှန်ကန်သောနည်းကို ရွေးချယ်ခြင်း

မိမိကျောင်းသူ/သားများ အကောင်းဆုံးသင်ယူနိုင်ပုံကို စတင်တွေးတောသည့်အခါ အကြောင်းအရာနှင့် သင်ခန်းစာအဆုံးတွင် ကျောင်းသူ/သားများအား နားလည်စေလိုသောအချက်များထက် သင်ယူမှုဖြစ်စဉ်ကို စဉ်းစားရန်ဖြစ်သည်။ အားလုံးအကျုံးဝင် သင်ခန်းစာ အစီအစဉ်တစ်ရပ် အသုံးပြုပြီး ၎င်းကိုရေးသားလျှင် အထောက်အကူပြုကြောင်း ဆရာ/မအများစု တွေ့ရပါသည်။ သင်ခန်းစာပုံစံတစ်ခုကို သုံးနေကျ ဖြစ်သော်လည်း အားလုံးအကျုံးဝင်မှုအကြောင်း စဉ်းစားဖူးပါသလား။ ဤသင်ရိုးပိုင်းအဆုံး နောက်ဆက်တွဲတွင် နမူနာ/ပုံစံတစ်ခု တွေ့ရမည်ဖြစ်သော်လည်း ဆရာ/မအများစုက ၎င်းတို့၏လိုအပ်ချက်၊ ကျောင်းသူ/သားများ၏လိုအပ်ချက်နှင့် ကိုက်ညီအောင် သင်ခန်းစာအစီအစဉ်များကို လိုက်လျောညီထွေပြောင်းလဲကြပါသည်။ ဥပမာ ဘယ်နေရာရောက်နေမှန်းသိနိုင်ရန် သင်ခန်းစာပိုင်းများတွင်ကြာချိန်များ ထည့်သွင်းထားပါသည်။ အချို့က လိုအပ်သည့်အရင်းအမြစ်စာရင်းကို ရေးချခြင်းသည် ၎င်းတို့အတွက်အသုံးဝင်ပြီး အချို့မှာ သင်ခန်းစာအစိတ်အပိုင်းများပါ အကြောင်းအရာတို့ကိုသာ အာရုံ စိုက်ကြပါသည်။ ဥပမာ ကနဦးအပိုင်း သို့မဟုတ် တစ်တန်းလုံးအတူလုပ်ဆောင်ချက်တွင် မေးမည့်မေးခွန်းများ။

မိမိသင်ခန်းစာအစီအစဉ်ဖြင့် အများပိုမိုအကျုံးဝင်စေလိုလျှင်ဖြစ်စေ၊ အစဉ်အလာပို့ချမှုနည်းအစား ကူညီပံ့ပိုးသည့် အခြားတစ်နည်းကိုအသုံးပြု သင်ကြားလိုသည်ဖြစ်စေ ကျောင်းသူ/သားများကိုဦးတည်သည့် အောက်ပါမေးခွန်းများကိုဖြေဆိုလျှင် အထောက်အကူ ပြုကြောင်း တွေ့ရပါမည်။

- **ကျောင်းသူ/သားများဘယ်အရွယ်ရှိပြီလဲ** - သက်တူရွယ်တူ (သို့) အသက်အရွယ်စုံအတန်းများဖြစ်ပါသလား။ ငယ်ရွယ်သည့် ကျောင်းသူ/သားများကို ပိုမိုလမ်းညွှန်ပေးခြင်း သို့မဟုတ် လုပ်ဆောင်ချက်ကို အပိုင်းပိုင်းခွဲခြင်း သို့မဟုတ် လိုက်လျောညီထွေ ဖြစ်စေရန် တစ်နည်းတစ်ဖုံ ပြုပြင်ပြောင်းလဲခြင်း လိုအပ်ပါမည်။
- **ပညာရေးအတွက်အဆင်သင့်ဖြစ်မှု -** လက်ရှိမည်မျှနားလည်နေပါသနည်း။ တူညီကြပါသလား။ ဤအချက်သည် ကျောင်းသူ/သားများ အုပ်စုဖွဲ့ပုံကို စတင်တွေးရာတွင် အထောက်အကူပြုနိုင်ပါပြီ။ ကျပန်းသော်လည်းကောင်း၊ အချင်းချင်း ပံ့ပိုး/သင်ယူကြမည့် ကျောင်းသူ/သားများကိုတစ်အုပ်စုတည်းထားခြင်းသော်လည်းကောင်း လုပ်ဆောင်နိုင်ပါသည်။
- **ကျောင်းသူ/သားဘယ်နှစ်ယောက်လဲ**- ဤအချက်သည် အုပ်စုဖွဲ့လုပ်ဆောင်ချက် အောင်မြင်မှုအပေါ် သက်ရောက်နိုင်ပါသည်။ အုပ်စုတွင် ဘယ်နှစ်ဦးပါမည်ကို စီစဉ်သည့်အခါ တစ်ဦးချင်း မည်မျှပံ့ပိုးကူညီနိုင်ကြောင်း စဉ်းစားပါ။ ကျောင်းသူ/သားများ အုပ်စုဖွဲ့လုပ်ဆောင်ချက် အတွေ့အကြုံ သိပ်မရှိလျှင် အုပ်စုငယ်များဖြင့် စတင်ပြီး တဖြည်းဖြည်း ချဲ့ထွင်လုပ်ဆောင်နိုင်ပါသည်။
- **ကျောင်းသူ/သားများအားလုံးပါဝင်ပြီးအောင်မြင်နိုင်မလား** - ဆက်လက်ပံ့ပိုးမှုလိုအပ်မည့် ကျောင်းသူ/သားများလည်း ရှိနိုင်ပါသည်။ အုပ်စု၏စွမ်းဆောင်ချက်အတွက် ၎င်းတို့မည်မျှကူညီပံ့ပိုးနိုင်ကြောင်း (သို့) အခြားကျောင်းသူ/သားများက ပံပိုးနိုင်ခြင်း ရှိမရှိ စဉ်းစားပါ။
- **လူမှုရေးကျွမ်းကျင်မှု** - လူကြီးတစ်ယောက်မပါဘဲ ကျောင်းသူ/သားများကိုယ်တိုင် အုပ်စုတွင်း စီစဉ်ခန့်ခွဲခြင်းများ လုပ်ဆောင်နိုင်ပါပြီလား။ မိမိက ကျောင်းသူ/သားများကို မည်မျှလမ်းညွှန်ပေးရန် လိုအပ်ပါသနည်း။ အဖွဲ့ဝင်များ သဘောမတူလျှင်ဖြစ်စေ၊ ပြဿနာကြုံလျှင်ဖြစ်စေ ကျောင်းသူ/သားများမည်သို့လုပ်ဆောင်နိုင်ကြောင်း လုပ်ဆောင်ချက်မတိုင်မီ အဖြေရှာထားရန် လိုအပ်ပါမည်။
- **သင်ယူပုံများ** - လုပ်ဆောင်ချက်သည် ပိုမိုလုပ်ချင်ဖွယ်ကောင်းပြီး အမျိုးအစားစုံလင်အောင် အာရုံအမျိုးမျိုးဖြင့် သင်ယူမှုကို ထည့်သွင်းနိုင်ပါမည်လား။



ပုံစံကျလွန်း၊ လမ်းညွှန်လွန်းလျှင်သော်လည်းကောင်း၊ အလွန်အကျွံ လွတ်လပ်ခွင့်ပေးလျှင်သော်လည်းကောင်း ကျောင်းသူ/သားများ မနိုင်မနင်း ဖြစ်နိုင်ပါသည်။ ပူးပေါင်း၊ ပူးတွဲသင်ယူမှုနှစ်ရပ်ကိုအတူတူသုံးနိုင်ပါသည်။ ကျောင်းသူ/သားများသည် အုပ်စုဖွဲ့မလုပ်ဖူးသေးလျှင် အကြောင်းအရာပေါ့ပေါ့ပါးပါးနှင့် စလုပ်ပြီး အသင်းအဖွဲ့တစ်ခုအနေဖြင့် ကျောင်းသူ/သားများ မည်ကဲ့သို့ ထိထိရောက်ရောက် လုပ်နိုင်ကြောင်း အချိန်ပေးသင်ကြားသင့်ပါသည်။ အသေးစိတ်အဆင့်များပေးခြင်း၊ မေးခွန်းများပေးခြင်း၊ ကျောင်းသူ/သားများအား ၎င်းတို့အခန်းကဏ္ဍအသီးသီးကို ရွေးချယ်ခွင့်ပေးခြင်းတို့လုပ်နိုင်ပါသည်။

Image source: https://www.myanmargraphic.com/category/people/ (free)

## ၂.၇ အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူမှုကို ကူညီပံ့ပိုးပေးပုံ

သင်ကြားမည့်သင်ခန်းစာကိုပြင်ဆင်ရာတွင် ကျောင်းသူ/သားများကိုပေးမည့် လုပ်ဆောင်ချက်များအကြောင်း အသေးစိတ်တွေးပြီး သင်ကြားစဉ် ကျောင်းသူ/သားများ စိတ်ပါဝင်စားနိုင်သမျှ ဝင်စားစေရန် လုပ်ဆောင်ပေးရပါမည်။ သင်ရိုးပိုင်း ၃ ကို ပြန်ဖတ်ပြီး ကျောင်းသူ/သားအားလုံးအတွက် သင်ယူမှုရလဒ်ကိုပြင်ဆင်ထားရန် အာမခံနိုင်ပါမည်။ သင်ယူမှုရလဒ်ပြင်ဆင်ရာတွင် လိုက်နာရမည့် (တိကျသော၊ တိုင်းတာနိုင်သော၊ ပေါက်မြောက်အောင်မြင်နိုင်သော၊ သက်ဆိုင်သော၊ အချိန်ကိုက်ဖြစ်သော SMART) နည်းကိုလည်း သင်ရိုးပိုင်းတွင် ပေးထားပါသည်။

- သင်၏အားလုံးအကျုံးဝင်သင်ခန်းစာကိုပြင်ဆင်ပါ - ညွှန်ကြားချက်များ ရှင်းလင်းအောင်ရေးချပါ။
- ဘာလုပ်ရမည်၊ ဘယ်လိုလုပ်ရမည်ကို ပြသရန်နှင့် သရုပ်ပြရန် ဥပမာများ အသင့်လုပ်ထားပါ။
- ကျောင်းသူ/သားများမရှင်းလျှင် မေးခွန်းဖြေဆိုရန်နှင့် လုပ်ဆောင်ချက်ကို နောက်တစ်နည်းရှင်းပြရန် အသင့်ဖြစ်ပါစေ။
- မသင်ကြားမီ လိုအပ်သည့်နေရာ၊ ပစ္စည်းနှင့်စာရွက်စာတမ်းများ ပြင်ဆင်ထားပါ။ ကျောင်းသူ/သားများ အုပ်စုဖွဲ့လုပ်ဆောင်သည့်အခါ စားပွဲမှာဆန့်အောင်ထိုင်နိုင်ပါမလား။ အတွေးအမြင်များ မှတ်တမ်းတင်ရန် စာရွက်များ လိုပါမည်လား။ အားလုံးရေးကြမည်လား သို့မဟုတ် တစ်ဦးတည်းက တာဝန်ယူရေးသားပါမည်လား။

သင်ကြားသည့် ကျောင်းသူ/သားများအသက်အရွယ်အပေါ်မူတည်လျက် အားလုံးပါဝင် ဆွေးနွေး သို့မဟုတ် လုပ်ဆောင်ကြသည့်အခါ အတူတူ လုပ်ကိုင်၊ အလှည့်ကျလုပ်ကိုင်ရာတွင် လိုက်နာရမည့် အချက်များကို သတိပေးရန် လိုအပ်ပါမည်။

### လုပ်ဆောင်ချက် ၈.၉ - ဆရာ့အခန်းကဏ္ဍအဖုံဖုံ (၁၅ မိနစ်)

အောက်ပါဇယားကိုကြည့်ပြီး အုပ်စုဖွဲ့လုပ်ဆောင်စဉ် ဆရာ့အခန်းကဏ္ဍကို စဉ်းစားပါ။ သင်ယူမှုဂျာနယ်အတွင်း ဇယားကို ကူးရေးပြီး အထိရောက်ဆုံးဖြစ်သည်ဟု သင် ထင်မြင်သည့် အဆိုများကို အမှန်ခြစ်ပါ။ သင် ရွေးချယ်ရသည့်အကြောင်းရင်းကို ရှင်းပြပါ။

| **အုပ်စုဖွဲ့လုပ်ဆောင်ချက်အတွင်း ဆရာ့အခန်းကဏ္ဍ** | **ထိရောက်သည့်နည်းများကို အမှန်ခြစ်ရန်** | **ရှင်းလင်းချက်** |
|---|---|---|
| အတန်းရှေ့မှာထိုင်ပြီး ဘယ်အုပ်စုက အလုပ်လုပ်ကြောင်း ကြည့်ပါ။ | | |
| အတန်းတွင်းလှည့်လည်ပြီး အုပ်စုအတွင်းပြောစကားများကို နားထောင်ပါ။ | | |
| လိုအပ်သည်ဟုယူဆလျှင်ဖြစ်စေ တောင်းဆိုလျှင်ဖြစ်စေ ပံ့ပိုးပေးပါ။ | | |
| ကျောင်းသူ/သားများလမ်းကြောင်းလွဲသည်ဟုထင်လျှင် ဆွေးနွေးမှုကို ရပ်တန့်ပါစေ။ | | |
| အုပ်စုတစ်စုနှင့်စကားမပြောမီ ခေတ္တဆိုင်းပြီး ၎င်းတို့စကားကို နားထောင်ပါ။ | | |
| အချို့ကျောင်းသူ/သားများစကားမပြောကြောင်း သတိထားမိလျှင် နားလည်မလည်စစ်ဆေးခြင်း၊ အခြား ကျောင်းသူ/သားများက ၎င်းတို့ကို အလှည့်ပေးလိုခြင်း ရှိမရှိမေးကြပါစေ။ | | |
| အုပ်စုတွင်းပြောစကား လမ်းကြောင်းမှန်ပြန်ရောက်ရန်ဖြစ်စေ၊ ဆက်လက်ချဲ့ထွင်တွေးတောရန်ဖြစ်စေ အစဖော်ထောက်ပေးပါ။ | | |
| ဆူညံသံအပြောင်းအလဲကို နားထောင်ပြီး ဖြစ်နိုင်ချေကို တွေးတောပါ - အလုပ်ပြီးသွားပြီလား၊ လွယ်လွန်း/ခက်လွန်း နေပါသလား။ | | |
| ဆူညံသံအပြောင်းအလဲကို နားထောင်ပြီး ဆူလွန်းလျှင် အုပ်စုဖွဲ့လုပ်ဆောင်ချက်ကို ရပ်တန့်ပါစေ။ | | |
| အုပ်စုတစ်ခုမှ ကျောင်းသူ/သားအချို့စကားမပြောလျှင် အခြားကျောင်းသူ/သားများအား စကားပြောရပ်စေပြီး ထိုကျောင်းသူ/သားများအား ပြောကြပါစေ။ | | |

Implemented by: BRITISH COUNCIL The Open University VSO montrose

## လုပ်ဆောင်ချက် ၈.၉ - နမူနာအဖြေများ

ဖြစ်နိုင်ချေရှိသည့် အကြံပြုချက်များပေးထားသော်လည်း အခြေအနေကို သင် နောက်တစ်နည်း နားလည်ကောင်းနားလည်ထားပါမည်။ လုပ်ငန်းဖော်တစ်ဦးနှင့် အတွေးအမြင်တူမတူ ဆွေးနွေးပါ။

| **အုပ်စုဖွဲ့လုပ်ဆောင်ချက်အတွင်း ဆရာ့အခန်းကဏ္ဍ** | **ထိရောက်သည့် နည်းများ အမှန်ခြစ်ရန်** | **ရှင်းလင်းချက်** |
|---|---|---|
| အတန်းရှေ့မှာထိုင်ပြီး ဘယ်အုပ်စုက အလုပ်လုပ်ကြောင်း ကြည့်ပါ။ | | စတင်အုပ်စုဖွဲ့လုပ်ဆောင်စဉ် အတန်းရှေ့/နောက်တွင် ထိုင်နိုင်ပါသည်။ ဤသို့ဖြင့် ကျောင်းသူ/သားများ လုပ်ဆောင်ချက်ကို အသားကျစေရန်နှင့် လုပ်ဆောင်ဖွယ် များကိုသဘောတူရန် အချိန်ပေးနိုင်ပါသည်။ ကျောင်းသူ/ သားများ အရှိန်ရလာစဉ် ဆရာ/မက အတန်းရှေ့ဆက်နေပြီး စကားမပြောလျှင် စိတ်ဝင်စားမှု မရှိသယောင် ထင်ရပါမည်။ |
| အတန်းတွင်းလှည့်လည်ပြီး အုပ်စုအတွင်း ပြောစကားများကို နားထောင်ပါ။ | ✓ | ကျောင်းသူ/သားများကိုစိတ်ဝင်စားပြီး ၎င်းတို့၏ လုပ်ဆောင်ချက်ကို မျက်ခြေမပြတ်ကြောင်း ပြသပါသည်။ ကျောင်းသူ/သားများ စိုးရွံ့ကာ စိတ်မသက်မသာဖြစ်အောင် တစ်ဝဲလည်လည် လှည့်မကြည့်မိစေရန် သတိချပ်ပါ။ |
| လိုအပ်သည်ဟုယူဆလျှင်ဖြစ်စေ တောင်းဆိုလျှင်ဖြစ်စေ ပံ့ပိုးပေးပါ။ | ✓ | ဆရာ/မကို အကူအညီမတောင်းမီ အချင်းချင်း မေးမြန်းစေမည့်အစား အကူအညီလိုမလိုမေးမြန်းသင့်ပါသည်။ |
| ကျောင်းသူ/သားများလမ်းကြောင်းလွဲသည်ဟုထင်လျှင် ဆွေးနွေးမှုကို ရပ်တန့်ပါစေ။ | | အုပ်စုများအား ပြဿနာဖြေရှင်းချိန်ပေးရန် အရေးကြီးပါသည်။ (တုံ့ပြန်ဖြေကြားမှု၊ အကြံ၊ မေးခွန်း)စသည့်ပံ့ပိုးမှုကို လုံလုံလောက်လောက်ပေးပြီး ကျောင်းသူ/သားများ ပြန်လည်သုံးသပ်ရန်နှင့် ရှေ့ဆက်သွားရန် ကူညီနိုင်သော်လည်း ၎င်းတို့ ပြဿနာကို ဖြေရှင်းမပေးပါနှင့်။ |
| အုပ်စုတစ်စုနှင့်စကားမပြောမီ ခေတ္တဆိုင်းပြီး ၎င်းတို့စကားကို နားထောင်ပါ။ | ✓ | ပြောစကားများနားထောင်ခြင်းဖြင့် နောက်ဘာဆက်လုပ်ရမည်ဆိုသည်ကို ဆန်းစစ်နိုင်ပါသည်။ ဥပမာ ရပ်တန့်ပြီး နောက်ထပ်ညွှန်ကြားရန် လိုပါသလား။ ပိုမိုနက်နဲစွာ တတ်မြောက်သွားအောင် နောက်တစ်မျိုးထပ်ထည့်ရန် လိုပါ သလား။ |
| အချို့ကျောင်းသူ/သားများ စကားမပြောကြောင်း သတိထားမိလျှင် နားလည်မလည်စစ်ဆေးခြင်း၊ အခြားကျောင်းသူ/ သားများက ၎င်းတို့ကို အလှည့်ပေးလိုခြင်း ရှိမရှိမေးကြပါစေ။ | ✓ | အတန်းကိုရပ်တန့်ပြီး အချို့ကျောင်းသူ/သားများ လုပ်ခွင့်မရသေးသည်ကို သတိမူမိကြောင်းပြောပါ။ ကျောင်းသူ/ သားတိုင်း ပြောခွင့်ရအောင် ၎င်းတို့မည်သို့လုပ်ဆောင်ရမည်ဖြစ်ကြောင်း မေးပါ။ |
| အုပ်စုတွင်းပြောစကား လမ်းကြောင်းမှန် ပြန်ရောက်ရန်ဖြစ်စေ၊ ဆက်လက်ချဲ့ထွင် တွေးတောရန်ဖြစ်စေ အစဖော် ထောက်ပေးသည့် မေးခွန်းများမေးပါ။ | ✓ | အုပ်စုတစ်ခုကို တစ်ခုခုပြောလိုလျှင် ပြောပြရုံပြောပြမည့်အစား လမ်းကြောင်းမှန် ပြန်ရောက်အောင် မေးခွန်းမေးသင့် ပါသည်။ အလုပ်မဖြစ်လျှင် ကျောင်းသူ/သားများ လမ်းကြောင်းမှန်စေရန် ပြောပြဖို့လိုအပ်ပါမည်။ |

| | | |
|---|---|---|
| ဆူညံသံအပြောင်းအလဲကို နားထောင်ပြီး ဖြစ်နိုင်ချေကို တွေးတောပါ - အလုပ်ပြီးသွားပြီလား၊ လွယ်လွန်း/ခက်လွန်းနေပါသလား။ | ✓ | ဆူညံသံအတက်အကျရှိလျှင် အလုပ်ပြီးသွားကြောင်း သိနိုင်ပါသည်။ လုပ်ရန်လွယ်လွန်း ခက်လွန်းခြင်းလည်း ဖြစ်နိုင်ပါသည်။ |
| ဆူညံသံအပြောင်းအလဲကို နားထောင်ပြီး ဆူလွန်းလျှင် အုပ်စုဖွဲ့ လုပ်ဆောင်ချက်ကို ရပ်တန့်ပါစေ။ | | ဆူညံသံအတက်အကျရှိလျှင် ကျောင်းသူ/သားများ လမ်းကြောင်းလွဲခြင်းဖြစ်နိုင်သော်လည်း စိတ်လှုပ်ရှားမှု၊ စိတ်ပါဝင်စားမှုတို့ကြောင့်လည်းဖြစ်နိုင်ပါသည်။ ကျောင်းသူ/သားများ ဆွေးနွေးချက်ကို နားထောင်ပြီး အချင်းချင်း ပြောစကားများကြားရန်လိုအပ်ကြောင်း သတိချပ်ကြပါစေ။ |
| အုပ်စုတစ်ခုမှ ကျောင်းသူ/သားအချို့ စကားမပြောလျှင် အခြားကျောင်းသူ/သားများအား စကားပြောရပ်စေပြီး ထိုကျောင်းသူ/သားများအား ပြောကြပါစေ။ | | ကျောင်းသူ/သားတစ်ယောက် နားလည်မလည် တိုးတိုးတိတ်တိတ်မေးနိုင်ပါသည်။ သူငယ်ချင်းများရှေ့ ခေါ်ထုတ်ပြီး အရှက်မရပါစေနှင့်။ |

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

## လုပ်ဆောင်ချက် ၈.၁၀ - အခင်းအကျင်း - မည်သည့်နည်းက အကောင်းဆုံးဖြစ်ပါမည်နည်း (၂၀ မိနစ်)

အောက်ပါအခင်းအကျင်းများကို **ဖတ်ရှု**ပြီး သင့်တော်သည့်သင်ယူနည်းတစ်ခုကို**အကြံပြု**ပါ။
ပေးထားသည့်အချက်အလက်အပေါ် အခြေပြုလျက် အချင်းချင်းသင်ယူမှု၊ ပူးတွဲ(သို့)ပူးပေါင်းသင်ယူမှုတို့မှ ရွေးချယ်နိုင်ပါသည်။

**အခင်းအကျင်း ၁**

အချင်းချင်းသင်ယူမှုလား
ပူးတွဲသင်ယူမှုလား
ပူးပေါင်းသင်ယူမှုလား




**အခင်းအကျင်း ၂**

အချင်းချင်းသင်ယူမှုလား
ပူးတွဲသင်ယူမှုလား
ပူးပေါင်းသင်ယူမှုလား




**အခင်းအကျင်း ၃**

အချင်းချင်းသင်ယူမှုလား
ပူးတွဲသင်ယူမှုလား
ပူးပေါင်းသင်ယူမှုလား




Adapted image source: https://www.myanmargraphic.com/category/people/ (free)

| အခင်းအကျင်း | အကြံပြုအပ်သည့် သင်ယူနည်း |
|---|---|
| 1 | |
| 2 | |
| 3 | |

## လုပ်ဆောင်ချက် ၈.၉ - အဖြေ

ဆရာ/မ၏သင်ခန်းစာ၊ အကြောင်းအရာတို့နှင့် ဆီလျော်သော သင်ယူနည်းတစ်ရပ်အတွက် အကြံပြုချက်များကို ကြည့်ပါ။ လုပ်ဆောင်ချက်အသီးသီးအတွက် နည်းလမ်းအသီးသီး သင့်တော်ကြပါမည်။

| အခင်းအကျင်း | အကြံပြုအပ်သည့်ဖြေရှင်းချက် | ရှင်းလင်းချက် |
|---|---|---|
| ၁ | အချင်းချင်းသင်ယူမှု<br>ပူးပေါင်းသင်ယူမှု | ဤလုပ်ဆောင်ချက်တွင် မိမိတို့တစ်ဦးစီ၏ပန်းချီကားအသီးသီးအတွက် ဖွဲ့စည်းပုံအကြောင်း ပြောဆိုကြရန် ကျောင်းသူ/သားအခွင့်ရစေမည့် တွေးတော၊ တွဲဖက်၊ ဝေမျှသည့်နည်းက အသုံးဝင်ပါလိမ့်မည်။<br><br>ပန်းချီကားဒီဇိုင်းအပိုင်းတွင် ကျောင်းသူ/သားများ အတွေးအမြင်များ ဖော်ထုတ်စေနိုင်ရန် ပိုမိုပူးပေါင်းစေသည့်နည်းကို ဆရာ/မက သုံးနိုင်ပါသည်။ ထို့နောက် ကျောင်းသူ/သားများ လွတ်လပ်စွာလုပ်ဆောင်ပြီး အဆုံးတွင် ဖြစ်စေ ပန်းချီကားဆွဲလက်စမှာဖြစ်စေ နောက်ထပ် တွေးတော၊ တွဲဖက်၊ ဝေမျှမှုကို လုပ်ဆောင်လျက် ပြန်လှန်သုံးသပ်ခြင်း၊ တုံ့ပြန်ဖြေကြားစေခြင်းများ လုပ်ဆောင်နိုင်ပါသည်။ |
| ၂ | ပူးတွဲသင်ယူမှု | ဇာတ်ကွက်တစ်ခုကို သဏ္ဌာန်တူ သရုပ်ဆောင်ရာတွင် ကျောင်းသူ/သားများအတွက် အခန်းကဏ္ဍသတ်မှတ်ပေးရန်လိုအပ်ပါသည်။ ၎င်းတို့၏ အခန်းကဏ္ဍသည် အုပ်စုတွင်းရှိ အခြားသူတို့၏ အခန်းကဏ္ဍအပေါ် မူတည်ပါမည်။ ပုံပြင်များကို ဖတ်ရှုဆွေးနွေးပြီးဖြစ်သောကြောင့် မိမိတို့အခန်းကဏ္ဍကို ကောင်းစွာနားလည်ပြီးသားဖြစ်ပါမည်။ |
| ၃ | ပူးပေါင်းသင်ယူမှု | ဆဋ္ဌမတန်းကျောင်းသူ/သားများဖြစ်သောကြောင့် ဤလုပ်ဆောင်ချက်အတွက် ဆရာ/မက ညွှန်ကြားချက် များစွာပေးရန် လိုအပ်မည်မဟုတ်ပါ။ ဆရာ/မ အဆိုအရ ကျောင်းသူ/သားများကိုယ်တိုင် စမ်းသပ်ချက်များကို ချမှတ်ပြီး ပူးပေါင်းလုပ်ကိုင်နိုင် ပါသည်။ |

**မှတ်ချက် -** ဆိုခဲ့သည့်အတိုင်း အကြံပြုချက်မျှသာဖြစ်ပါသည်။ ဆရာ/မတိုင်းမှ သင်ခန်းစာတစ်ခုကို သင်ကြားလိုသည့် နည်းလမ်းအသီးသီးရှိပြီး သင်ကြားစဉ်အတွင်း နည်းအမျိုးမျိုးသုံးခြင်း(သို့)နည်းများပူးပေါင်းသင်ကြားခြင်းတို့ လုပ်ဆောင်နိုင် ပါသည်။

သင်ကြားသည့်အတန်း၊ (ပထမသီတင်းပတ်များ၊ နှစ်လယ်၊ နှစ်ဆုံး စသည့်)သင်ကြားသည့်ကာလ၊ ကျောင်းသူ/သား အရေအတွက်၊ ၎င်းတို့၏လိုအပ်ချက်၊ ယခင်သင်ကြားမှုအတွေ့အကြုံတို့အပေါ်မူတည်၍ သင့်တော်သည့်နည်းလမ်းများ ခြားနား ပါမည်။ ဆရာ/မသုံးသည့်နည်းသည် မိမိ၏ယုံကြည်စိတ်ချမှုအပေါ်မူတည်နိုင်ပါသည်။ သို့မဟုတ် အတိတ်ကသုံး၍အဆင်ပြေ ခဲ့သည့်နည်းကို အကြောင်းအရာ ပြောင်းလဲပြီး သုံးလိုသည်လည်း ဖြစ်နိုင်ပါမည်။

## ၃. သုတေသနလုပ်ငန်းရပ်များအတွက် ဖြစ်နိုင်ချေရှိသည့် စိတ်ကူးများ

သင်ရိုးပိုင်း ၆ တွင် အသေးစား လုပ်ဆောင်မှုသုတေသနလုပ်ငန်းရပ်များ လုပ်ကိုင်ခြင်းကို မိတ်ဆက်ခဲ့ပြီး။ အောက်ပါဇယားတွင် လုပ်ဆောင်မှုသုတေသနလည်ပတ်ပုံကိုပြထားပါသည်။

၁) မေးခွန်းကို သတ်မှတ်ပုံ


၂) ၎င်းမေးခွန်းကိုဖြေဆိုရန် စီစဉ်ပုံ

၃) သင်ကြားမှုကို ကြည့်ရှုလေ့လာပုံ

၄) ကြည့်ရှုလေ့လာမှ ရလာသောအချက်အလက်များကို ပြန်လှန်သုံးသပ်ပုံ

၅) သင်ကြားမှုကို ပိုမိုကောင်းမွန်တိုးတက်အောင်စီစဉ်ပုံ

မိမိအတန်းတွင်းမေးခွန်းထုတ်ရန် ပိုမိုစိတ်ချလာသည့်တိုင် စက်ဝန်းလည်ပတ်ပါမည်။




### အကြံပြုချက်

- ပူးတွဲ ပူးပေါင်းသင်ယူမှုနည်းများသုံးစဉ် ကျောင်းသူ/သားများနှင့်အချိန်မည်မျှကုန်ကြောင်း စူးစမ်းပါ - ကျောင်းသူ/သား တစ်ဦးချင်း၊ အုပ်စုငယ်များနှင့် အချိန်ပိုသုံးနိုင်ပါသလား၊ အပြန်အလှန်ဆက်ဆံသည့်အခါတွင် မိမိဘာလုပ်နေပါသနည်း။
- သင်ခန်းစာတစ်ခုအပေါ် ကျောင်းသူ/သားများတုံ့ပြန်ပုံကို နည်းအမျိုးမျိုးဖြင့် စူးစမ်းပါ။ သင်ခန်းစာအပြီး ကျောင်းသူ/ သားများအတွက် မေးခွန်းလွှာဖြင့် ပြန်လည်သုံးသပ်နိုင်ပါသည်။ ကျောင်းသူ/သားများပါဝင်လုပ်ဆောင်ပါသလား။ ပူးတွဲ/ပူးပေါင်းမှုနှင့် အချင်းချင်းသင်ယူမှုကို သင်ခန်းစာတွင် ထည့်စဉ်းစားထားပါသလား။ မည်သည့်ကျွမ်းကျင်မှုများကို ဖော်ဆောင်နေပါသနည်း။

## ၄. နိဂုံး

ဤသင်ရိုးပိုင်းတွင် အောက်ပါတို့ကိုလုပ်ဆောင်ခဲ့ပါသည်။

၁. အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူမှုဆိုင်ရာ အသိပညာများနှင့်အားသာချက်များကို ဆွေးနွေးခြင်း

၂. စာသင်ခန်းအတွင်း ထိုသင်ယူပုံများအတွက်သာဓကများ မှတ်သားခြင်း

၃. ပူးတွဲ၊ ပူးပေါင်းသင်ယူမှုမြှင့်တင်သည့် သင့်တော်သည့်ဗျူဟာများအကြံပြုခြင်း

၄. မိမိ၏ အတန်းတွင်းသင်ကြားမှုကို ပြန်လည်သုံးသပ်ပြီး သင်ခန်းစာတွင် ပူးပေါင်း၊ ပူးတွဲ၊ အချင်းချင်း သင်ယူရန် အခွင့်အလမ်းများကို ပါဝင်ရေးအတွက် သင်ခန်းစာအစီအစဉ်များကို ပြုပြင်ပြောင်းလဲခြင်း

### သင်ရိုးပိုင်းအဓိကအချက်များ

- ကျောင်းသူ/သားအချင်းချင်း အတူတကွသင်ယူနိုင်ရန် အဓိပ္ပါယ်ရှိသော အခွင့်အလမ်းများကို ပေးသင့်ပါသည်။ အတူသင်ယူပါက ကျောင်းသူ/သားများ ပိုမိုစိတ်ပါဝင်စားကြောင်း၊ ပိုမိုမှတ်မိကာ၊ လူမှုရေးရာ၊ အပြောနှင့် နားထောင်မှု စွမ်းရည်တို့တိုးတက်ကြောင်း သုတေသနမှ တွေ့ရှိထားပါသည်။
- ကျောင်းသူ/သားများသည် အုပ်စု**တွင်း**လေ့လာခြင်းထက် အုပ်စု**အနေဖြင့်**လေ့လာခြင်းပိုမိုဖြစ်သင့်ပါသည်။
- **အချင်းချင်းထံမှသင်ယူမှု**တွင် လုပ်ဆောင်ချက် သို့မဟုတ် အသိသညာတစ်ခုဖြင့် ကျောင်းသူ/သားအချင်းချင်း ဦးဆောင်စေပါသည်။ အတန်းရှေ့ စကားထွက်မပြောမီ ကျောင်းသူ/သားများအချင်းချင်း မိမိတို့၏စိတ်ကူးများကို ဆွေးနွေးရန် အချိန်ပေးရပါမည်။
- **ပူးတွဲသင်ယူမှု**တွင် ကျောင်းသူ/သားများသည် မိမိတို့တစ်ဦးချင်း၏သင်ယူမှုနှင့်အောင်မြင်မှုအတွက်ရော အုပ်စုတွင်း မိမိ၏ အခန်းကဏ္ဍအတွက်ပါ တာဝန်ယူရပါသည်။ ဆရာ/မက လမ်းညွှန်ပြီး အရင်းအမြစ်များပေးပါသည်။
- **ပူးပေါင်းသင်ယူမှု**တွင် အတွေးအမြင်များစူးစမ်းရန်နှင့် ပြဿနာများအတူတူဖြေရှင်းရန် အုပ်စုလိုက် လုပ်ဆောင်ကြသည်။ ကျောင်းသူ/သားများ ပိုမိုလွတ်လပ်စွာ စူးစမ်းဆွေးနွေးနိုင်ပါမည်။
- သင်ခန်းစာတွင် သင်ယူနည်းအမျိုးမျိုးသုံးနိုင်ပါသည်။ ဤသင်ရိုးပိုင်းတွင် ခြုံငုံသုံးသပ်ပြီး နည်းအမျိုးမျိုးကို အသေးစိတ်ကြည့်ခဲ့သော်လည်း အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူမှုကို ကြောင့်ကြစိုက်ခြင်းထက် ဆရာ/မက ကျောင်းသူ/သားများ အတူတူပြောဆိုသင်ယူခွင့်ပေးရန် ပိုမိုအရေးကြီးပါသည်။
- အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူမှုသုံးစဉ် အစဉ်အလာဆရာ/မအခန်းကဏ္ဍသည် အတော်အတန် ပြောင်းလဲသွားပါသည်။ ကျောင်းသူ/သားများကို ထောက်ပေးခြင်း၊ ကျောင်းသူ/သားများအား ကိုယ်တိုင်တာဝန်ယူသင်ယူစေခြင်းတို့ဖြင့် ပိုမိုပံ့ပိုးကူညီပေးပါသည်။
- ဤကဲ့သို့ပိုမိုတက်ကြွသည့်သင်ယူပုံများသုံးစဉ် ဆရာ/မက ဝင်ရောက်နားထောင်ပြီး ကျောင်းသူ/သားများ၏သင်ယူမှုကို အလွတ်သဘော စစ်ဆေးနိုင်ပါသည်။ သင်ရိုးပိုင်း ၁၅ စစ်ဆေးအကဲဖြတ်မှုအကြောင်း ဤသည်လည်း တစ်စိတ်တစ်ပိုင်း အဖြစ် ပါဝင်မည်။

## ၅. သင်ရိုးပိုင်း ၈ အဆုံးသတ်ပဟေဠိ

အောက်ပါမေးခွန်းများကို သင်ယူမှုဂျာနယ်တွင်ဖြေကြားပါ။ ရာနှုန်းပြည့် အောင်မြင်ရန် ကြိုက်သလောက် ကြိမ်ရေများများ ဖြေဆိုနိုင်ပါသည်။ အချို့မေးခွန်းများအတွက် အဖြေတစ်ခုထက်ပိုပါသည်။

မေးခွန်း ၁ - အချင်းချင်းသင်ယူမှုဟူသည် အဘယ်နည်း (အဖြေတစ်ခုရွေးပါ)

က. ဆရာ/မမ ညွှန်ကြားချက်ပေးပြီး ပုံစံတကျလုပ်ဆောင်ချက်များဖြင့် ကျောင်းသူ/သားများအတူတူလုပ်ဆောင်နိုင်ရန် စုရုံးပေးသည့်အနေအထားဖြစ်သည်။

ခ. အခန်းကဏ္ဍအသီးသီးတွင်လုပ်ဆောင်လျက် အုပ်စု၏သင်ယူမှုနှင့် အောင်မြင်မှုအတွက် ကျောင်းသူ/သားများ တာဝန်ယူရသည့် အနေအထားဖြစ်သည်။

ဂ. လုပ်ဆောင်ချက် သို့မဟုတ် အသိသညာတစ်ခုဖြင့် ကျောင်းသူ/သားအချင်းချင်း သင်ကြား၊ သင်ယူ၊ ပံ့ပိုးပေးရသည့် အနေအထားဖြစ်သည်။

မေးခွန်း ၂ - မည်သည်က ပူးပေါင်းသင်ယူမှု၏ အဓိကစရိုက်လက္ခဏာများ ဖြစ်ပါသနည်း။ (အဖြေ ၃ ခုရွေးပါ)

က. ဆရာ/မက ရှင်းပြခြင်း၊ အချို့အကြောင်းအရာများကိုဖတ်ရှုခြင်းဖြင့် အသိသညာသစ်တစ်ရပ်ကို မိတ်ဆက်ပေးပြီးသည့်အခါ ကောင်းကောင်းသုံးနိုင်ပါသည်။ ကျောင်းသူ/သားတစ်ဦးချင်း ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ စွမ်းဆောင်ရည်တို့ပူးပေါင်းပြီး တူညီသည့် သင်ယူမှုပန်းတိုင်ကို အထမြောက်စေပြီး အချက်အလက်အသစ်များလည်းရရှိစေပါသည်။

ခ. လုပ်ဆောင်ချက်များပုံစံတကျရှိပါသည်။ ဆရာ/မက ကျောင်းသူ/သားတစ်ဦးချင်းကို အခန်းကဏ္ဍတိတိကျကျ သတ်မှတ်ပေးပြီး ကျောင်းသူ/သားများ ဖတ်ရှု၊ ပိုင်းခြားစိတ်ဖြာ၊ စူးစမ်းလေ့လာနိုင်ရန် အချက်အလက်/အရင်းအမြစ်များ ပေးပါသည်။

ဂ. အောင်မြင်မှုမှာ ကျောင်းသူ/သားတစ်ဦးချင်း၏ အားသာချက်အပေါ် မူတည်ပြီး မိမိကိုယ်တိုင်နှင့် အချင်းချင်းသင်ယူမှုအတွက် ကျောင်းသူ/သားများတာဝန်ရှိပါသည်။ မိမိအတွက် ကိုယ်တိုင်စီမံခန့်ခွဲခြင်း၊ လူမှုရေးရာ သတိမူခြင်းတို့ တိုးတက်လာပြီး ကျောင်းသူ/သားများ၏ ဆက်ဆံရေး ဆက်သွယ်ရေးကျွမ်းကျင်မှုများကို ဖွံ့ဖြိုးစေပါသည်။

ဃ. အလုပ်ပြီးမြောက်စေရန် ကျောင်းသူ/သားများကစုရုံးစီစဉ်ပြီး အရင်းအမြစ်များ ရှာဖွေကြပါသည်။ (ကျောင်းသူ/သားများ တောင်းဆိုလျှင် ကူညီနိုင်သော်လည်း) ဆရာ/မက စောင့်ကြည့်လေ့လာခြင်းမလုပ်ဘဲ ကျောင်းသူ/သားများက မိမိအတွက်နှင့် အုပ်စုလိုက်ဆောင်ရွက်ချက်ကို စစ်ဆေးအကဲဖြတ်ကြပါသည်။

င. အချင်းချင်းအမှီသဟဲပြုလျက် ပိုမိုတာဝန်ခံမှုရှိလာပါသည်။

စ. ပုံစံတကျရှိသည့် ဝန်းကျင်တစ်ရပ်တွင် လူမှုရေးရာကျွမ်းကျင်မှုများကို ကျောင်းသူ/သားများ လေ့ကျင့်ခွင့်ရစေပြီး တက်ကြွသော၊ မိမိကိုယ်မိမိ ထိန်းမတ်သောသင်ယူသူများအဖြစ် ဖွံ့ဖြိုးလာစေပါသည်။

မေးခွန်း ၃ - ပူးတွဲသင်ယူမှုဟူသည်အဘယ်နည်း။ (တစ်ခုရွေးပါ)

က) ကျောင်းသူ/သားတစ်ဦးချင်းသည် ၎င်းတို့၏ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့်စွမ်းရည်တို့ကိုပေါင်းစပ်ပြီး တူညီသည့် သင်ယူမှုပန်းတိုင်ကို အထမြောက်စေကာ အချက်အလက်သစ်၊ အတွေ့အကြုံသစ်တို့ကို ရရှိစေပါသည်။

ခ) ကျောင်းသူ/သားတစ်ဦးချင်း မိမိ၏သင်ယူမှုကို ကိုယ်တိုင်တာဝန်ယူပြီး အခြားအုပ်စုဝင်အားလုံး မိမိတို့သင်ယူနေသည့် အရာများကို နားလည်စေရန် သင်ယူသူသည် မိမိ၏အသိပညာနှင့်အရင်းအမြစ်များကို သုံးရန်လိုအပ်ပါသည်။ ပုံစံတကျ၊

အခန်းကဏ္ဍ၊ တာဝန်များကို ချမှတ်ထားသော်လည်း ညှိနှိုင်းရန် လမ်းဖွင့်ထားပြီး ဦးဆောင်ညွှန်ကြားသူတစ်ဦးမှ လုပ်ငန်းကို နီးနီးကပ်ကပ် ကြီးကြပ်ပေးပါသည်။

ဂ) အလုပ်ပြီးမြောက်ရန် ကျောင်းသူ/သားတို့ကိုယ်တိုင်စုရုံးဖွဲ့စည်းပြီး အရင်းအမြစ်များ ဖွေရှာကြပါသည်။ ဆရာ/မက စောင့်ကြည့်လေ့လာခြင်းမလုပ်ပါ။

မေးခွန်း ၄ - အောက်ပါတို့အနက် မည်သည်က ပူးပေါင်းသင်ယူမှုနှင့် ပူးတွဲသင်ယူမှုအကြား ခြားနားချက်ကို ပြသပါသနည်း။ (၂ ခု ရွေးပါ)

က) ပူးပေါင်းသင်ယူမှုတွင် ကျောင်းသူ/သားတစ်ဦးချင်း ကိုယ်စီကိုယ်ငှတိုးတက်သော်လည်း ပူးတွဲသင်ယူမှုတွင် အပြန်အလှန် အမှီသဟဲပြုခြင်း၊ တာဝန်ခံခြင်းတို့ ပိုရှိသည်။

ခ) ပူးပေါင်းသင်ယူမှုက ဆရာဗဟိုပိုမိုပြုသည်။

ဂ) ပူးတွဲသင်ယူမှုတွင် ဆရာ/မက ညွှန်ကြားခြင်း၊ အရင်းအမြစ်ထောက်ပံ့ခြင်း (သို့) ကျောင်းသူ/သားများကို အရင်းအမြစ်ထံ လမ်းညွှန်ပေးခြင်းတို့လုပ်ဆောင်ပြီး ပူးပေါင်းလုပ်ဆောင်ရာတွင် ဆရာ/မက လိုအပ်လျှင် အကြံပေးသူအဖြစ် ဆောင်ရွက်သည်။

မေးခွန်း ၅ - အောက်ပါတို့အနက် မည်သည်က 'အချင်းချင်းသင်ယူမှု' 'ပူးပေါင်းသင်ယူမှု' 'ပူးတွဲသင်ယူမှု'တို့၏ အကျိုးကျေးဇူးကို ပြဆိုပါသနည်း။ (၄ ခု ရွေးပါ)

က) ကျောင်းသူ/သား၏လူမှုရေးရာနှင့်ဆက်သွယ်ရေးကျွမ်းကျင်မှု၊ တာဝန်သိစိတ်တို့ကိုတိုးတက်စေသည်။

ခ) နှစ်ယောက်တွဲ၊ အုပ်စုဖွဲ့လုပ်ဆောင်မှုဖြင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိသာသင်ယူမှုကို မြှင့်တင်ပေးသည်။

ဂ) ကျောင်းသူ/သားများအား မိမိကိုယ်မိမိ ပိုမိုယုံကြည်စိတ်ချစေသည်။

ဃ) အချင်းချင်း ရှင်းပြခြင်း၊ သင်ကြားခြင်းဖြင့် ကျောင်းသူ/သားများသည် နက်နဲသည့်သင်ယူမှုအတွေ့အကြုံများ ရရှိသည်။

င) ကျောင်းသူ/သားများလိုအပ်သော အမြင့်ပိုင်းအတွေးအခေါ်ပမာဏကို လျော့ပါးစေသည်။

စ) ကျောင်းသူ/သားများ တက်တက်ကြွကြွပါဝင်ဆောင်ရွက်သည်။

မေးခွန်း ၆ - ပူးတွဲသင်ယူမှုလုပ်ဆောင်ချက်တစ်ခုကို စီစဉ်ရာတွင် မည်သည်ကပဓာနကျပါသနည်း။ (၁ ခု ရွေးပါ)
က) ကျောင်းသူ/သားများ အတူတကွသင်ယူနိုင်ရန် အသိသညာသစ်အတွက် ဆရာ/မက လမ်းညွှန်ပေးသည်။
ခ) ကျောင်းသူ/သားတစ်ဦးချင်းအတွက် ပုံစံ၊ အခန်းကဏ္ဍနှင့် တာဝန်များကို ဆရာ/မက သတ်မှတ်ပေးသည်။
ဂ) အလုပ်ပြီးမြောက်စေရန် ကျောင်းသူ/သားများကိုယ်တိုင်စုရုံးစီစဉ်ပြီး အရင်းအမြစ်များ ရှာဖွေကြသည်။

မေးခွန်း ၇ - အုပ်စုဖွဲ့လုပ်ဆောင်မှုအတွင်း ဆရာ/မသည် မည်သည့်အခန်းကဏ္ဍမှပါဝင်ပါသနည်း။
က) ကျောင်းသူ/သားများ အလုပ်ရှုပ်နေစဉ် ဆရာ/မသည် သင်ခန်းစာနောက်တစ်ပိုင်းအတွက် စီစဉ်ရန် အခွင့်ကောင်း ရရှိပါသည်။
ခ) ဆရာ/မသည် အုပ်စုရှိကျောင်းသူ/သားများကို နားထောင်ချိန်ရပြီး ၎င်းတို့၏လက်ရှိနားလည်မှုကို ဆန်းစစ်ကာ နောက်တစ်ဆင့် သင်ယူသင့်သည်များကို အသိတရားရှိရှိဖြင့် ဆုံးဖြတ်နိုင်ပါသည်။
ဂ) သင်ခန်းစာအတွင်း ကျောင်းသူ/သားတစ်ယောက် လိုက်နိုင်မနိုင်၊ နားလည်မလည် သေချာအောင် စစ်ဆေးနိုင်ရန် အခွင့်ပေးပါသည်။

## သင်ရိုးပိုင်း ၈ အဆုံးသတ်ပဟေဠိ အဖြေ

အဖြေကို**စာလုံးအမည်းရင့်**ဖြင့်ပေးထားသည်။

မေးခွန်း ၁ - အချင်းချင်းသင်ယူမှုဟူသည် အဘယ်နည်း (အဖြေတစ်ခုရွေးပါ)

**ဂ. လုပ်ဆောင်ချက် သို့မဟုတ် အသိသညာတစ်ခုဖြင့် ကျောင်းသူ/သားအချင်းချင်း သင်ကြား၊ သင်ယူ၊ ပံ့ပိုးပေးရသည့် အနေအထားဖြစ်သည်။**

ရှင်းလင်းချက် - အချင်းချင်းသင်ယူမှုတွင် ဆရာ/မ၏ ဦးဆောင်မှုဖြင့် ကျောင်းသူ/သားများသည် အသိသညာသစ်၊ အကြောင်းအရာသစ်ကို အခြားကျောင်းသူ/သားများနှင့်အတူတူ လေ့လာနိုင်ပြီး အချင်းချင်းသင်ကြားသင်ယူခွင့်ပေးပါသည်။ အမြင်များကျယ်လာစေရန်၊ အသိပညာအသစ်နှင့်အဟောင်းကို အဓိပ္ပါယ်ရှိရှိချိတ်ဆက်နိုင်ရန်နှင့် လူမှုဆက်ဆံရေးဖော်ဆောင်ရန် အထောက်အကူပြုပါသည်။

မေးခွန်း ၂ - မည်သည်က ပူးပေါင်းသင်ယူမှု၏ အဓိကစရိုက်လက္ခဏာများ ဖြစ်ပါသနည်း။ (အဖြေ ၃ ခုရွေးပါ)

**က. ဆရာ/မက ရှင်းပြခြင်း၊ အချို့အကြောင်းအရာများကိုဖတ်ရှုခြင်းဖြင့် အသိသညာသစ်တစ်ရပ်ကို မိတ်ဆက်ပေးပြီးသည့်အခါ ကောင်းကောင်းသုံးနိုင်ပါသည်။ ကျောင်းသူ/သားတစ်ဦးချင်း ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ စွမ်းဆောင်ရည်တို့ပူးပေါင်းပြီး တူညီသည့် သင်ယူမှုပန်းတိုင်ကို အထမြောက်စေပြီး အချက်အလက်အသစ်များလည်းရရှိစေပါသည်။**

**ဂ. အောင်မြင်မှုမှာ ကျောင်းသူ/သားတစ်ဦးချင်း၏ အားသာချက်အပေါ် မူတည်ပြီး မိမိကိုယ်တိုင်နှင့် အချင်းချင်းသင်ယူမှုအတွက် ကျောင်းသူ/သားများတာဝန်ရှိပါသည်။ မိမိအတွက် ကိုယ်တိုင်စီမံခန့်ခွဲခြင်း၊ လူမှုရေးရာ သတိမူခြင်းတို့ တိုးတက်လာပြီး ကျောင်းသူ/သားများ၏ ဆက်ဆံရေး ဆက်သွယ်ရေးကျွမ်းကျင်မှုများကို ဖွံ့ဖြိုးစေပါသည်။**

**ဃ. အလုပ်ပြီးမြောက်စေရန် ကျောင်းသူ/သားများကစုရုံးစီစဉ်ပြီး အရင်းအမြစ်များ ရှာဖွေကြပါသည်။ (ကျောင်းသူ/သားများတောင်းဆိုလျှင် ကူညီနိုင်သော်လည်း) ဆရာ/မက စောင့်ကြည့်လေ့လာခြင်းမလုပ်ဘဲ ကျောင်းသူ/သားများက မိမိအတွက်နှင့် အုပ်စုလိုက်ဆောင်ရွက်ချက်ကို စစ်ဆေးအကဲဖြတ်ကြပါသည်။**

ရှင်းလင်းချက် - ပူးပေါင်းသင်ယူမှုတွင် ပြဿနာဖြေရှင်းရေးအတွက် အတွေးအမြင်များကိုစူးစမ်းရန်၊ အလုပ်ပြီးမြောက်စေရန်၊ လုပ်ငန်းတစ်ခုဖန်တီးရန် ကျောင်းသူ/သားများ အုပ်စုဖွဲ့လုပ်ဆောင်ကြပါသည်။ ကျောင်းသူ/သားအသီးသီးသည် သီးသန့် အခန်းကဏ္ဍ တစ်ခုစီတွင်ပါဝင်ပြီး အဖွဲ့၏သင်ယူမှုနှင့် အောင်မြင်မှုအတွက် တာဝန်ရှိပါသည်။ ဥပမာ ကျောင်းသူ/သားတစ်ဦးချင်း အလုပ်တစ်ပိုင်းစီ ဆောင်ရွက်ပြီး အုပ်စုကပြန်လည်စုစည်းပေးပါသည်။ ကိုယ်တိုင်ဦးဆောင်ခြင်းဖြစ်ပြီး ဆရာ/မထံမှ ညွှန်ကြားချက်မရှိပါ။ မိမိတို့၏အခန်းကဏ္ဍ၊ အရင်းအမြစ်နှင့်ဖွဲ့စည်းပုံကို စုပေါင်းဆုံးဖြတ်ကြသည်။ လိုအပ်လျှင် ဆရာ/မက အကြံပေးနိုင်ပါသည်။

မေးခွန်း ၃ - ပူးတွဲသင်ယူမှုဟူသည်အဘယ်နည်း။ (တစ်ခုရွေးပါ)

**ခ) ကျောင်းသူ/သားတစ်ဦးချင်း မိမိ၏သင်ယူမှုကို ကိုယ်တိုင်တာဝန်ယူပြီး အခြားအုပ်စုဝင်အားလုံး မိမိတို့သင်ယူနေသည့် အရာများကို နားလည်စေရန် သင်ယူသူသည် မိမိ၏အသိပညာနှင့်အရင်းအမြစ်များကို သုံးရန်လိုအပ်ပါသည်။ ပုံစံတကျ၊ အခန်းကဏ္ဍ၊ တာဝန်များကို ချမှတ်ထားသော်လည်း ညှိနှိုင်းရန် လမ်းဖွင့်ထားပြီး ဦးဆောင်ညွှန်ကြားသူတစ်ဦးမှ လုပ်ငန်းကို နီးနီးကပ်ကပ် ကြီးကြပ်ပေးပါသည်။**

ရှင်းလင်းချက် - ပူးတွဲသင်ယူမှုအတွင်း ကျောင်းသူ/သားတစ်ဦးချင်းသည် မိမိတို့ကိုယ်တိုင်အတွက်သာမက အုပ်စုတစ်ခုလုံး၏ သင်ယူမှုနှင့်အောင်မြင်ရေးအတွက် တာဝန်ရှိပါသည်။ အုပ်စုဝင်အားလုံး မိမိတို့သင်ယူနေကြသည်ကို နားလည်စေရန် တစ်ဦးချင်းသည် မိမိ၏အသိပညာ၊ အရင်းအမြစ်များကို အသုံးပြုရန်လိုပါသည်။

ပူးပေါင်းသင်ယူမှုတွင် ကျောင်းသူ/သားအသီးသီးသည် သီးသန့်စီတိုးတက်မှုရှိပြီး ပူးတွဲသင်ယူမှုတွင်မူတွင် အပြန်အလှန် အမှီသဟဲပြုမှုနှင့် တာဝန်ခံမှုတို့ပိုမိုရှိကြပါသည်။ ကျကျနနပြင်ဆင်ထားသည့် ပူးတွဲသင်ယူမှု လုပ်ဆောင်ချက်တွင် ပုံစံ၊ အခန်းကဏ္ဍနှင့် တာဝန်များသတ်မှတ်ထားသော်လည်း ညှိနှိုင်းနိုင်ကာ လုပ်ငန်းကိုနီးနီးကပ်ကပ်ကြီးကြပ်သူလည်းရှိပါသည်။ လုပ်ငန်းအောင်မြင်မှုသည် အပြန်အလှန်ဆက်စပ်နေသည့် အခန်းကဏ္ဍများအချင်းချင်း ပံ့ပိုးမှုအပေါ် မူတည်ပါသည်။

မေးခွန်း ၄ - အောက်ပါတို့အနက် မည်သည်က ပူးပေါင်းသင်ယူမှုနှင့် ပူးတွဲသင်ယူမှုအကြား ခြားနားချက်ကို ပြသပါသနည်း။ (၂ ခု ရွေးပါ)

**က) ပူးပေါင်းသင်ယူမှုတွင် ကျောင်းသူ/သားတစ်ဦးချင်း ကိုယ်စီကိုယ်ငှတိုးတက်သော်လည်း ပူးတွဲသင်ယူမှုတွင် အပြန်အလှန် အမှီသဟဲပြုခြင်း၊ တာဝန်ခံခြင်းတို့ ပိုရှိသည်။**

**ဂ) ပူးတွဲသင်ယူမှုတွင် ဆရာ/မက ညွှန်ကြားခြင်း၊ အရင်းအမြစ်ထောက်ပံ့ခြင်း (သို့) ကျောင်းသူ/သားများကို အရင်းအမြစ်ထံ လမ်းညွှန်ပေးခြင်းတို့လုပ်ဆောင်ပြီး ပူးပေါင်းလုပ်ဆောင်ရာတွင် ဆရာ/မက လိုအပ်လျှင် အကြံပေးသူအဖြစ် ဆောင်ရွက်သည်။**

ရှင်းလင်းချက် - ပူးပေါင်းသင်ယူမှုတွင် ကျောင်းသူ/သားများ ကိုယ်စီကိုယ်ငှတိုးတက်မှုရှိပြီး ပူးတွဲသင်ယူမှုတွင်မူ အပြန်အလှန် အမှီသဟဲပြုမှု၊ တာဝန်ခံမှုတို့ပိုရှိပါသည်။

မေးခွန်း ၅ - အောက်ပါတို့အနက် မည်သည်က 'အချင်းချင်းသင်ယူမှု' 'ပူးပေါင်းသင်ယူမှု' 'ပူးတွဲသင်ယူမှု'တို့၏ အကျိုးကျေးဇူးကို ပြဆိုပါသနည်း။ (၄ ခု ရွေးပါ)

**က) ကျောင်းသူ/သား၏လူမှုရေးရာနှင့်ဆက်သွယ်ရေးကျွမ်းကျင်မှု၊ တာဝန်သိစိတ်တို့ကိုတိုးတက်စေသည်။**

**ဂ) ကျောင်းသူ/သားများအား မိမိကိုယ်မိမိ ပိုမိုယုံကြည်စိတ်ချစေသည်။**

**ဃ) အချင်းချင်း ရှင်းပြခြင်း၊ သင်ကြားခြင်းဖြင့် ကျောင်းသူ/သားများသည် နက်နဲသည့်သင်ယူမှုအတွေ့အကြုံများ ရရှိသည်။**

**စ) ကျောင်းသူ/သားများ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သည်။**

ရှင်းလင်းချက် - အချင်းချင်း၊ ပူးပေါင်း၊ ပူးတွဲသင်ယူမှုမှ သင်ကြား/သင်ယူရေးလုပ်ငန်းစဉ်အတွက် အကျိုးကျေးဇူးများစွာ ကြီးပါသည်။ ကျောင်းသူ/သားများ၏ လူမှုရေးရာနှင့် ဆက်သွယ်ရေးကျွမ်းကျင်မှုများ၊ တာဝန်သိမှုနှင့် မိမိကိုယ်မိမိယုံကြည်မှုတို့ တိုးတက်စေပါသည်။ အဖွဲ့တွင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျောင်းသူ/သားအချင်းချင်းနားလည်ပြီး မိမိတို့ကိုယ်တိုင် သင်ယူမှုတွင် တက်တက်ကြွကြွပါဝင်လာပါသည်။

မေးခွန်း ၆ - ပူးတွဲသင်ယူမှုလုပ်ဆောင်ချက်တစ်ခုကို စီစဉ်ရာတွင် မည်သည်ကပဓာနကျပါသနည်း။ (၁ ခု ရွေးပါ)

**ခ) ကျောင်းသူ/သားတစ်ဦးချင်းအတွက် ပုံစံ၊ အခန်းကဏ္ဍနှင့် တာဝန်များကို ဆရာ/မက သတ်မှတ်ပေးသည်။**

ရှင်းလင်းချက် - ကျကျနနစီစဉ်ထားသည့် ပူးတွဲသင်ယူမှုလုပ်ဆောင်ချက်တွင် ပုံစံ၊အခန်းကဏ္ဍနှင့် တာဝန်များကို သတ်မှတ်ထားသော်လည်း ညှိနှိုင်းရန်လမ်းဖွင့်ပေးထားပြီး လုပ်ငန်းကိုနီးနီးကပ်ကပ်ကြီးကြပ်သူလည်း ရှိပါသည်။ လုပ်ငန်းအောင်မြင်မှုသည် အပြန်အလှန်ဆက်စပ်နေသည့် အခန်းကဏ္ဍအားလုံး အချင်းချင်း ပံ့ပိုးမှုအပေါ် မူတည်ပါသည်။ အခြား ကျောင်းသူ/သားများ ပန်းတိုင်ရောက်ကာမှ မိမိတို့လည်း သင်ယူမှုပန်းတိုင်ကို လှမ်းကိုင်နိုင်မည်ဖြစ်ကြောင်း ကျောင်းသူ/သားများ သိကြပါသည်။

ပြဇာတ်ထုတ်လုပ်ရေးမှ သရုပ်ဆောင်သူများနှင့်ပံ့ပိုးသည့်အဖွဲ့များကဲ့သို့ပင် ပူးပေါင်းဆောင်ရွက်ရာတွင် အချင်းချင်း အမှီသဟဲပြုမှု၊ တာဝန်ခံမှုတို့ လိုအပ်ပါသည်။

**မေးခွန်း ၇ - အုပ်စုဖွဲ့လုပ်ဆောင်မှုအတွင်း ဆရာ/မသည် မည်သည့်အခန်းကဏ္ဍမှပါဝင်ပါသနည်း။**

**ခ) ဆရာ/မသည် အုပ်စုရှိကျောင်းသူ/သားများကို နားထောင်ချိန်ရပြီး ၎င်းတို့၏လက်ရှိနားလည်မှုကို ဆန်းစစ်ကာ နောက်တစ်ဆင့် သင်ယူသင့်သည်များကို အသိတရားရှိရှိဖြင့် ဆုံးဖြတ်နိုင်ပါသည်။**

**ဂ) သင်ခန်းစာအတွင်း ကျောင်းသူ/သားတစ်ယောက် လိုက်နိုင်မနိုင်၊ နားလည်မလည် သေချာအောင် စစ်ဆေးနိုင်ရန် အခွင့်ပေးပါသည်။**

ရှင်းလင်းချက် - ဆရာ/မက ကျောင်းသူ/သားများကို အတူတူလုပ်တတ်ရန်သင်ပေးခြင်းဖြင့် ထိရောက်သော အုပ်စုလိုက်ဆောင်ရွက်မှုအတွက် ပုံမှန်လုပ်ငန်းများ ချမှတ်ပေးလျှင် ကျောင်းသူ/သားများသည် လွတ်လပ်စွာလုပ်ဆောင်မည်။ သို့ဖြစ်ရာ ကျောင်းသူ/သားတစ်ဦးချင်း သို့မဟုတ် အုပ်စုတစ်ခုချင်း၏ သင်ယူမှုနှင့်တွေးခေါ်မှုကို ပိုမိုတိုးတက်ခိုင်မာစေရန် ဆရာ/မက မေးခွန်းမေးရန် အချိန်ရပါသည်။ ကျောင်းသူ/သားများကို အလုပ်လုပ်ခိုင်းစဉ် အဓိကကျောင်းသူ/သားများသည် နောက်ထပ်ပံ့ပိုးမှု လိုအပ်ခြင်း ရှိမရှိ စစ်ဆေးရန် ဆရာ/မအတွက် အချိန်ရပါသည်။

## ၆. သင်ကြားသင်ယူမှုကို ပိုမိုကောင်းမွန်တိုးတက်စေခြင်း

### လုပ်ဆောင်ချက် ၈.၁၁ - မိမိသင်ကြားရေးအလေ့အကျင့်ကို ပိုမိုကောင်းမွန်တိုးတက်စေခြင်း (၃၀ မိနစ်)

စာစောပိုင်းကလုပ်ခဲ့သည့် လုပ်ဆောင်ချက်အဖြေများကို ပြန်လည်သုံးသပ်ရန် အရေးကြီးပါသည်။

အခင်းအကျင်း - အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖန်တီးရာတွင် သင်လုပ်ဆောင်ပုံကို သင့်ဌာနမှူးက တွေ့ဆုံမေးမြန်းလိုပါသည်။ အောက်ပါမေးခွန်းကို ဌာနမှူးက သေသေချာချာတွေးစေလိုပါသည်။ သင်ယူမှုဂျာနယ်တွင် မှတ်စုရေးပါ။

**အတန်းတွင်း သင့်ကျောင်းသူ/သားများအတွက်အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖန်တီးရန် မည်သို့လုပ်ဆောင်ပါသနည်း။**

- ရှိသည့်နေရာကို မည်သို့စီစဉ်ပါမည်နည်း။
- ကျောင်းသူ/သားများ လုံခြုံပြီးသက်တောင့်သက်သာရှိစေရန် မည်သည့်ပုံမှန်လုပ်ငန်းများ သတ်မှတ်ထားပါသနည်း။

**သင်ခန်းစာအတွင်း သင်ယူသူအားလုံးကို မေးခွန်းမေးပါသလား။**
သင်ယူသူအချို့ တက်တက်ကြွကြွပါဝင်လုပ်ဆောင်လာစေရန် မည်သို့လုပ်ဆောင်နိုင်ပါသနည်း။

### မိမိသင်ရိုး/ဖတ်စာအုပ်ကိုလိုက်လျောညီထွေပြုပြင်ခြင်း

ဖြစ်နိုင်လျှင် အုပ်စုလိုက် မြန်မာစာအုပ်သော်လည်းကောင်း၊ မူလတန်းသင်ရိုးမာတိကာကိုသော်လည်းကောင်းကြည့်ပြီး အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူမှုဗျူဟာများ ပါဝင်လာအောင်သင်ခန်းစာအစီစဉ်ကို ပြုပြင်ပြီးပေါင်းထည့်ပေးပါ။ လုပ်ငန်းဖော်၏အတွေးအမြင်များကို ဆွေးနွေးပြီး တုံ့ပြန်ဖြေကြားပါ။

## လုပ်ဆောင်ချက် ၈.၁၂ - မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း (၁၀ မိနစ်)

ပြန်လည်သုံးသပ်ချက်- ကျောင်းသူ/သားများကိုယ်တိုင် **အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းပြီး သင်ယူ**စေနိုင်မည့် **နည်းလမ်းများကို မိမိမှနားလည်ကြောင်း**မည်မျှစိတ်ချပါသနည်း။ အောက်ပါစကေးမှ မိမိကို အကောင်းဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။




ဤသင်ရိုးပိုင်းအစ ပထမအကြိမ် စစ်ဆေးမှုမှရမှတ်နှင့် ဤအမှတ်ကို **နှိုင်းယှဉ်ပါ။** သင်ရိုးပိုင်းအစက မိမိပေးခဲ့သည်ဟုပြောသော အခွင့်အလမ်းအပေါ် မိမိ၏အမြင်ကို ယခုလုပ်ကြည့်လိုသည့်အရာများနှင့် နှိုင်းယှဉ်လျက် ပိုင်းခြားစိတ်ဖြာမှုအတိုတစ်ခု သင်ယူမှု ဂျာနယ်တွင် ရေးပါ။

# မိမိ၏ကျောင်းသူ/သားများအတွက် အဋ္ဌမကတိ

၁ **စီစဉ်ပါ** – စာသင်ခန်းအတွင်း ဤသင်ရိုးပိုင်းမှ မိမိသုံးမည့် အားလုံးအကျုံးဝင် အလေ့အကျင့် အတွေးအမြင်တစ်ခုအကြောင်းကို **စဉ်းစားပါ**။

၂ **လုပ်ဆောင်ပါ** – အားလုံးအကျုံးဝင်အလေ့အကျင့်ကို နောက် 'x'အပတ်အတွင်း တိုးတက်အောင်လုပ်မည်ဟု မိမိ၏ကျောင်းသူ/သားများကို **ကတိပေးပါ**။

၃ **ပြန်လှန်သုံးသပ်ပါ** – 'x' အပတ်အတွင်း မိမိ၏အတွေးအမြင်များကြောင့် အလေ့အကျင့် တိုးတက်လာခြင်း ရှိမရှိ ကျောင်းသူ/သားနှင့်အတူ **သုံးသပ်အကဲဖြတ်ပါ**။

**သင်ယူမှုဂျာနယ်ရှိ ‘ကတိများ’အပိုင်းတွင် သင့်အဋ္ဌမကတိကိုထည့်လိုက်ပါ။**

**သင်ရိုးပိုင်းတစ်ပိုင်းစီတွင် ကျောင်းသူ/သားများထံပေးသည့် ကတိတစ်ခုစီရှိပါမည် - စုစုပေါင်း ကတိ ၁၅-ခုပေးရပါမည်။**

## ကျမ်းကိုး


Edutopia (2018) The Protégé Effect: 3 Ways to Maximize Peer-to-Peer Learning
https://www.edutopia.org/video/3-ways-maximize-peer-peer-learning
Cambridge University Press ELT (2020) Cambridge Life Competencies: Explaining Collaboration
https://www.youtube.com/watch?v=ncyXxMcmWhE
Education Scotland (2016) Dylan Wiliam: Collaborative learning
https://www.youtube.com/watch?v=TqBNWEQmBRM

Edgar Dale (1964) Audio-Visual Methods in Teaching: Cone of Experience (Learning Pyramid)

TESS India (2015) Talk for learning: Secondary Science (English commentary)
YouTube: https://www.youtube.com/watch?v=tR2hIYOpBcI&feature=youtu.be

TESS India (2015) Involving all: A secondary English class
YouTube:https://www.youtube.com/watch?v=Qm2hp-hNEI4

TESS India (2015) Talk for learning: A lower primary maths class YouTube:
https://www.youtube.com/watch?v=UHQwZlU2o80&feature=youtu.be

Funded by: UKaid

Towards Results in Education & English

## နောက်ဆက်တွဲ ၁

<table>
<tr><td colspan="3">သင်ခန်းစာအစီအစဉ်ပုံစံ</td></tr>
<tr><td>အတန်း/အဆင့်</td><td>ခေါင်းစဉ်</td><td>ကြာချိန်</td></tr>
<tr><td colspan="3">ယခင်သင်ယူမှု</td></tr>
<tr><td colspan="3">သင်ယူမှုဦးတည်ချက်</td></tr>
<tr><td colspan="3">လိုအပ်သည့်ပစ္စည်း/အရင်းအမြစ်များ</td></tr>
<tr><td colspan="3">လုပ်ဆောင်ချက်အကျဉ်း (ကျောင်းသူ/သားများလုပ်မည့်အရာနှင့် ကျောင်းသူ/သားများအောင်မြင်အောင်မိမိလုပ်နိုင်ပုံ)</td></tr>
<tr><td colspan="3">စစ်ဆေးအကဲဖြတ်မှု - (မိမိ/ကျောင်းသူကျောင်းသားများသည် ၎င်းတို့အောင်မြင်ခြင်းရှိမရှိ မည်ကဲ့သို့သိနိုင်ပါသနည်း)</td></tr>
</table>

Implemented by: BRITISH COUNCIL, The Open University, VSO, montrose